ကြေးမုံ The Mirror

၁၃၆၆ ခုနှစ်၊ဝါခေါင်လဆန်း ၁၂ ရက်၊ သောကြာနေ့၊ (27-8-2004)(၄၃၃၈)

သမဏာနဥ္စ ဒဿနံ
တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော
မင်္ဂလာ မည်၏။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဆေးပညာရှင်အဖွဲ့ ဖွဲ့စည်း ဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် ပူးပေါင်းပါဝင်

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အငြိမ်းစား ဆေးပညာရှင်များနှင့် တာဝန်ထမ်းဆောင်ဆဲ ဆေးပညာရှင်များအနေဖြင့် ၎င်းတို့၏ ကျယ်ပြန့်သောအသိပညာနှင့် တန်ဖိုးရှိသော အတွေ့အကြုံများကို အခြေပြုကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးနှင့် ဆေးပညာဖွံ့ဖြိုးတိုးတက်ခေတ်မီစေရေးတွင် ပူးပေါင်းပါဝင်နိုင်ကြရန်အတွက် ဆေးပညာရှင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဖြစ်ထွန်းပေါ်ပေါက်လာသည်မှာ ယနေ့ဆိုလျှင် လေးနှစ်ခွဲကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

အထောက်အကူပြု

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့သည် စတင်ဖွဲ့စည်းပေးခဲ့သည်မှစ၍ ယနေ့တိုင် ရှင်သန်လှုပ်ရှားလျက် နိုင်ငံတော်၏ ဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် အထောက်အကူများစွာပြုလျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုအားပေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၅ရက် ညနေပိုင်းက အထွေထွေရောဂါကု ဆေးရုံသစ်ကြီး(ရန်ကုန်)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသအောင်မြင်မှုကို ဝမ်းမြောက်ဝမ်းသာစွာ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုအောင်မြင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သွားရောက်ကြည့်ရှုအားပေး မြန်မာ့ဆေးလောက၏အောင်မြင်မှု နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဩဂုတ် ၂၅ ရက်က ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ရောက်ရှိလာပြီး ဆေးရုံသစ်ကြီး ခွဲစိတ်ခန်း၌ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှဦးဆောင်သော ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက အသည်းရောဂါ ဝေဒနာရှင်အား အသည်းအစားထိုး ခွဲစိတ်ကုသဆောင်ရွက်ပေးမှုကို ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ကြေးမုံ The Mirror

ဆောင်းပါးအညွှန်း

အာဆီယံနိုင်ငံများနဲ့ မြန်မာ အိမ်နီးချင်း နိုင်ငံများကတော့ အနောက်ဥရောပ ဒီမိုကရေစီစံနဲ့ မတိုင်းဘူး၊ အာရှစံနဲ့ တိုင်းပါတယ်။ ပုဂ္ဂိုလ်စွဲနဲ့ မတိုင်းဘူး၊ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အခြေအနေနဲ့တိုင်းပါတယ်။ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီ ထူထောင် ကူးပြောင်းရေးအပေါ် အပြုသဘော ကြိုဆိုထောက်ခံကြပါတယ်။

အောင်မိုးစံ၏ "အာဆီယံနိုင်ငံများ သွေးစည်းခိုင်မာရေး"

ဆောင်းပါး(စာမျက်နှာ-၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

27-8)KM.P65 1 04/27/8, 2:28 AM

ကြေးမုံ The Mirror
၂၇-၈-၂၀၀၄
(သောကြာနေ့)

လူမှုစီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးရေး လမ်း၊ တံတားများ ကွန်ရက်သဖွယ်တိုးမြှင့်တည်ဆောက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်လျက်ရှိရာတွင် စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေးတည်ဆောက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကကျသော လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရန် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျပြီး လွယ်လင့်တကူ သွားလာနိုင်မှသာလျှင် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွက် လမ်း၊ တံတားများကို တည်ဆောက်ပေးနေရခြင်းဖြစ်ကြောင်း** လမ်းညွှန်မိန့်ကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့်တိုင်း နယ်မြေဒေသများအလိုက် ရေကြော၊ မြေကြောဆက်စပ်လာပြီး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ တံတားသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခင်က မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်း၌သာ တောင်နှင့်မြောက် သွယ်တန်းလျက်ရှိသည်ကို တွေ့ရသည်။ ယခုအခါတွင် မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံးဆက်သွယ်မိစေရန် မော်တော်ကားလမ်း၊ ရထားလမ်းများကို ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။

အဆိုပါ လမ်းသစ်များဖောက်လုပ်ခြင်းနှင့်အတူ လိုအပ်သည့်နေရာတိုင်းတွင် မြစ်ကူးတံတားကြီး၊ တံတားငယ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ယခုတစ်ဖန် မကွေးတိုင်း၊ သရက်ခရိုင် မင်းလှမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသော ရွှေချောင်းတံတားကို ဩဂုတ်လ ၂၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်ပြီး မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ရွှေချောင်းတံတားသည် ပုသိမ်-မုံရွာ(မြောက်ပိုင်း)လမ်း၊ မင်းလှမြို့နယ် ရှမ်းတပ်ကြီးကျေးရွာအနီးရှိ ရွှေချောင်း(ပနီချောင်း)ကိုဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအရှည်မှာ ပေ ၅၀၀ ဖြစ်သည်။ တံတားမှာ ကြိုတင်အားဖြည့်ကွန်ကရစ် ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းတို့ဖြင့် ပြန်လည်တည်ဆောက်ထားသော သံကူကွန်ကရစ်တံတားဖြစ်သည်။

ရွှေချောင်းတံတားကြီး တည်ဆောက်ပြီးစီးခဲ့သည့်အတွက် ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ်အနောက်ခြမ်းနှင့် ငဖဲမြို့နယ်တောင်ခြမ်းတို့ကိုအဓိကဆက်သွယ်ရာ၌ များစွာအကျိုးပြုလျက်ရှိသည်။ အဆိုပါတံတားကြီးကိုအသုံးပြု၍ ကျေးရွာပေါင်း ၆၁၀ မှ ဒေသခံပြည်သူ သုံးသိန်း ခြောက်သောင်းကျော်တို့ လွယ်ကူစွာ ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနိုင်ကြမည်ဖြစ်သည်။

ထို့အပြင် ပုသိမ်မှ ပဒါန်း-မင်းဘူး-မုံရွာလမ်းကို သွားရောက်ရာ၌ များစွာအဆင်ပြေချောမွေ့ပြီး မြစ်ဝကျွန်းပေါ်နှင့် အညာဒေသထွက်ကုန်သီးနှံများ၊ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းဝယ်ရာတွင် ပိုမိုသွက်လက်မြန်ဆန်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း လမ်းနှင့် တံတားများကို ကွန်ရက်သဖွယ် တိုးမြှင့် တည်ဆောက်ပေးလျက်ရှိရာ ဒေသအလိုက် လူမှုရေး၊စီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

မှတ်သားဖွယ်ရာမိုးရေချိန်

၂၆-၈-၂၀၀၄

မောင်တော - ၂ ဒသမ ၈၇ လက်မ

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖြူးဆရာတော် တရားပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ပြည်တွင်း ပြည်ပ မဟာစည်နာယက ကမ္မဋ္ဌာနာစရိယ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အရှင်မြတ်သည် ဩဂုတ် ၂၉ရက်(တနင်္ဂနွေနေ့)ည၌ တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးဓမ္မာရုံ၌လည်းကောင်း၊ ဩဂုတ် ၃၁ရက်(အင်္ဂါနေ့)ည၌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရေပန်းကျောင်းတိုက်၌လည်းကောင်း တရားပွဲများ ဟောကြားချီးမြှင့်မည်။

(က-ပ)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ယင်းလုပ်ငန်းမှ အင်ဂျင်နီယာချုပ်(တံတား) (အထက်မြန်မာပြည်) ဦးဟန်ဇော်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ကွန်ပျူတာပညာရှင်အသင်း စာတမ်းများဖတ်ကြားမည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA) နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ်၂၈ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက Software Industries Biz Model စာတမ်း၊ အလုပ်အမှုဆောင် ဦးထွန်းသူရသက်က Software Development Opportunities and Challenges စာတမ်း၊ အလုပ်အမှုဆောင် ဦးသောင်းစုငြိမ်းက Challenges in E-Commerce စာတမ်း၊ အလုပ်အမှုဆောင် ဦးဇော်နိုင်က A Foreign IT Firm Experience in Myanmar စာတမ်းနှင့် အဖွဲ့ဝင် ဦးထွန်းခိုင်က Goal Directed Product Development စာတမ်းတို့ကိုလည်းကောင်း ဩဂုတ် ၂၉ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းတင်က Cyber Security စာတမ်း၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းထွဋ်က Public Key Infrastructure စာတမ်း၊ အလုပ်အမှုဆောင် ဦးဇော်ထွဋ်က Outsourcing Issues စာတမ်း၊ အလုပ်အမှုဆောင် ဦးရဲရင့်ဝင်းက Mature Profession စာတမ်းနှင့် အလုပ်အမှုဆောင် ဦးသောင်းစုငြိမ်းက Software Services and Contractual Agreement စာတမ်း၊ မွန်းလွဲ ၁နာရီတွင် Development Environment ခေါင်းစဉ်ဖြင့် Unified Modeling Language စာတမ်းနှင့်ကွန်ပျူတာ ပညာရှင်များက Net, J2EE, Open-Source Platform စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ် သည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြေအောက်ရေပိုက်လိုင်းများ အသစ်လဲလှယ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အလုပ်အမှုဆောင်များဖြစ်ကြသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်ပိုင်းက လသာမြို့နယ်(၁၇)လမ်းအောက်လမ်းတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ မြေအောက်ရေပိုက်လိုင်း အသစ်လဲလှယ်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဟုတ်စိန်၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့က နှစ်ပေါင်းကြာမြင့်ပြီဖြစ်သော ရေပိုက်များ အစားထိုးလုပ်ဆောင်မှုများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းပါဝင်ကူညီနေမှုကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က ပြည်သူများ ပူးပေါင်းပါဝင်ကူညီမှုသည် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အားအင်တစ်ရပ်ဖြစ်သည့်အတွက် ယခုလုပ်ငန်းဆောင်ရွက်နေမှုများအပြင် အခြားကိစ္စရပ်များတွင်ပါ အစဉ်ပူးပေါင်းဆောင်ရွက်ရန် စည်းရုံးသွားရမည်ဖြစ်ကြောင်း မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ မြို့နယ်အသင်းအတွင်းရေးမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၂၃၉စောင်ကို ပေးအပ်သည်။ (၁၉)

စုပေါင်းလုပ်ဆောင်မှု အခြေခံတည်ဆောက်ရေး ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

ကုမ္ပဏီများ၊ ရုံးများ၊ အဖွဲ့အစည်းများတွင် စုပေါင်းလုပ်ဆောင်မှု အခြေခံတည်ဆောက်ရေးအကြောင်း (Team Building) ကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Park အခန်း အမှတ်(၂၀၅)၌ ဆရာခင်မောင်ညို (ဘောဂဗေဒ)က ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ ဟောပြောပွဲ တက်ရောက်လိုသူများ ဖုန်း-၆၅၂၂၈၃ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

နာဂျက်ဖ် မြို့ဟောင်းဒေသ ကန်စစ်လေယာဉ်များ တိုက်ခိုက်

နိုင်ငံတကာ သတင်းများ

နာဂျက်ဖ် ဩဂုတ် ၂၄

အမေရိကန် စစ်လေယာဉ်များသည် အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ မြို့ဟောင်းဒေသကို တနင်္လာနေ့နှောင်းပိုင်းက လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ ခြေကုပ်ယူရာ နေရာများကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကျယ်လောင်သော ပေါက်ကွဲသံအချို့ ပေါ်ထွက်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အေစီ–၁၃၀ အမျိုးအစား စစ်လေယာဉ်တစ်စင်းက ယင်းမြို့ပေါ်၌ ဝဲပျံနေစဉ်မှာပင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ အစောပိုင်းတွင် အီမန်အလီ ဝတ်ကျောင်းတော်ကြီးအနီးသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ချဉ်းကပ်လာခဲ့ရာတွင် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး မီးခိုးလုံးများ ပေါ်ထွက်လာသည်ကို တွေ့ရကြောင်း သတင်းထောက်များက သတင်းပေးပို့သည်။

အောင်မြင်မှုမရရှိ

အမေရိကန် တပ်ဖွဲ့နှင့် အီရတ်ကြားဖြတ်အစိုးရအဖွဲ့တို့က အီမန်အလီ ဝတ်ကျောင်းတော်ကြီးကို ကာကွယ်စောင့်ရှောက်နေသည့် ခုခံတိုက်ခိုက်ရေးသမားများ လက်နက်ချလာစေရန် ရှီးယိုက်ခေါင်းဆောင် မိုတာဒါ အယ်လ်ဆာဒါအား တိုက်တွန်းဖျောင်းဖျခဲ့သော်လည်း အောင်မြင်မှု မရရှိပေ။

အမေရိကန် တင့်ကားများနှင့် လက်ဖြောင့်တပ်သားများသည် အီမန်အလီ ဝတ်ကျောင်းတော်ကြီး အနီးရှိ နေရာများတွင် တနင်္လာနေ့ညက စခန်းချခဲ့ကြသည်။ ယင်းသို့ လုပ်ဆောင်ခြင်းမှာ ဆာဒါနှင့် ၎င်း၏နောက်လိုက်နောက်ပါများ လက်နက်ကိုင် ခုခံတွန်းလှန်မှု အဆုံးသတ်စေရေး ပိုမို ဖိအားပေးနိုင်ရန် ရည်ရွယ်ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့သည် တနင်္ဂနွေနေ့ ညကလည်း နာဂျက်ဖ်မြို့ရှိ ခုခံတိုက်ခိုက်ရေးသမားများကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ တနင်္လာနေ့ နေ့ပိုင်းအချိန်ထိ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။

အီမန်အလီ ဝတ်ကျောင်းတော်ကြီး အတွင်း လက်နက်ကိုင်ဆောင်ထားခြင်း မရှိသော လူတစ်ထောင်ခန့် ရှိနေသည်ဟု ဘီဘီစီ သတင်းထောက်တစ်ဦးက သတင်းပေးပို့သည်။ အမေရိကန် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်အမျိုးသားနှစ်ဦးကို ဝတ်ကျောင်းတော်ဝင်းအတွင်းသို့ ယူဆောင်လာသည်ကို တွေ့ရှိရကြောင်း ဘီဘီစီ သတင်းထောက်က ဖော်ပြသည်။

ပစ်ခတ်မှုရပ်စဲရန် ဆာဒါအနေဖြင့် မျှော်လင့်ချက်များ ရှိနေဆဲဖြစ်သည်ဟု ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သို့ရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များ ၎င်းတို့၏ အခြေစိုက်စခန်းများသို့ ပြန်လည်ဆုတ်ခွာပေးရမည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ၎င်းတို့ အလေးထားရာနယ်မြေများမှ ရုပ်သိမ်းပေးလျှင် မိမိတို့၏ ခုခံတိုက်ခိုက်ရေးသမားများ ဆုတ်ခွာပေးမည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ အဆောက်အအုံ တစ်ခုအတွင်း ရှာဖွေစစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အမေရိကန် စစ်လေယာဉ်များ ဖော်လူဂျာမြို့ကို တိုက်ခိုက်

ဖော်လူဂျာ ဩဂုတ် ၂၄

အမေရိကန် စစ်လေယာဉ်များသည် အင်္ဂါနေ့အစောပိုင်းက အီရတ်နိုင်ငံ ဖော်လူဂျာမြို့ကို လေကြောင်းမှ တိုက်ခိုက်ရာ ယင်းမြို့ တောင်ဘက်ဒေသမှ မီးခိုးလုံးကြီးများ ပေါ်ထွက်လာကြောင်း၊ ဖော်လူဂျာမြို့ အနောက်တောင်ဘက်တွင် ပေါက်ကွဲသံများ ကြားခဲ့ကြရကြောင်း ဒေသခံများက ပြောကြားကြသည်။

အမေရိကန် စစ်လေယာဉ်များသည် ဖော်လူဂျာမြို့၏ စက်မှုလက်မှုလုပ်ငန်းများ တည်ရှိရာဒေသကို တိုက်ခိုက်ခဲ့ကြောင်း၊ ထိုစဉ်အတွင်း အမေရိကန် တင့်ကားများက လေကြောင်းမှ တိုက်ခိုက်သည့် ပစ်မှတ်များ တည်ရှိရာနေရာသို့ ဦးတည်ကာ သွားရောက်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ဖော်လူဂျာမြို့တွင် ဆင်နွှဲသော ထိုးစစ်နှင့် ပတ်သက်၍ သတင်းများ မရရှိသေးကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပုံမှန်ပြုလုပ်

အမေရိကန်တပ်ဖွဲ့များသည် ခုခံတိုက်ခိုက်ရေးသမားများ ခြေကုပ်ယူရာနေရာများအဖြစ် သင်္ကာမကင်းသော နေရာများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ပုံမှန်ပြုလုပ်လာခဲ့သည်။ အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲမှုများ၊ ဗုံးခွဲမှုများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်မှုများကို ဆွန်နီခုခံတိုက်ခိုက်ရေးသမားများက ပြုလုပ်နေသည်ဟု အမေရိကန်တပ်ဖွဲ့က ယူဆသည်။

ဖော်လူဂျာမြို့တွင် ပြီးခဲ့သည့် ဧပြီလက တင်းမာမှုများ ဖြစ်ပွားခဲ့သည်။ အမေရိကန်တပ်ဖွဲ့က ယင်းမြို့ကို ရက်သတ္တ သုံးပတ်ကြာမျှ ဝိုင်းပတ်ပိတ်ဆို့ထားခဲ့သည်။ ***အင်တာနက်။***

နိုင်ငံခြားတပ်ဖွဲ့များ နာဂျက်ဖ်မှ ရုပ်သိမ်းပေးရန် တောင်းဆိုမည်သည့် အမေရိကန်နိုင်ငံသားကိုမဆို တိုက်ခိုက်မည်ဟု ကြေညာ

ဒူဘိုင်း ဩဂုတ် ၂၄

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့မှ နိုင်ငံခြားတပ်ဖွဲ့များ ၄၈ နာရီအတွင်း ရုပ်သိမ်းခြင်း မရှိပါက မိမိတို့၏ တိုက်ခိုက်မှုနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အမည်နာမအရ ယခင်က မကြားခဲ့ရဖူးသော အစ္စလမ္မစ်အုပ်စုတစ်စုက အင်တာနက်မှတစ်ဆင့် တနင်္လာနေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။

အမေရိကန်နှင့် ဗြိတိသျှ အပေါင်းပါ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ အထွတ်အမြတ်ပြုရာ နေရာဒေသများမှ ၄၈ နာရီအတွင်း ရုပ်သိမ်းပေးရမည် ဖြစ်ကြောင်း၊ မိမိတို့၏ ခွင့်ပြုချက် ကုန်ဆုံးပြီးနောက် မိမိတို့၏ တောင်းဆိုချက်ကို ပမာမထားပါက အီရတ်နိုင်ငံ အတွင်းရှိ မည်သည့် အမေရိကန်တပ်ဖွဲ့နှင့် အမေရိကန် နိုင်ငံသားများကိုမဆို တိုက်ခိုက်သွားမည်ဖြစ်ကြောင်း တနင်္လာနေ့နေ့စွဲတပ်ထားသော ကြေညာချက်တွင် ဖော်ပြထားသည်။

— ဖျက်ဆီးမည် —

အီရတ်နိုင်ငံတွင် အမေရိကန် တပ်ဖွဲ့အတွက် အလုပ်လုပ်ကိုင်ပေးနေသော မည်သည့် မော်တော်ယာဉ်မောင်းကိုမဆို မိမိတို့က သက်သက်ညှာညှာ ဆက်ဆံလိမ့်မည်မဟုတ်ကြောင်း၊ မိမိတို့၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် အချိန်ယူရဖွယ်ရှိကြောင်း၊ အီရတ်နိုင်ငံအတွင်းရှိ အမေရိကန် တပ်ဖွဲ့အတွက် လုပ်ကိုင်နေသော တပ်ဖွဲ့ဝင်ဖြစ်စေ၊ အရပ်သားဖြစ်စေ ခုခံတိုက်ခိုက်မှုနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း၊ ရေနံလုပ်ငန်းနှင့် ပတ်သက်နေသော ပစ္စည်းကိရိယာများကိုလည်း တိုက်ခိုက်ဖျက်ဆီးမည် ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြပါ ကြေညာချက် စစ်မှန်ခြင်း ရှိ၊ မရှိ အတည်ပြုနိုင်ခြင်း မရှိသေးပေ။ ထိုစဉ်အတွင်း အမေရိကန်တပ်ဖွဲ့သည် နာဂျက်ဖ်မြို့တွင် ရှီးယိုက်တို့၏ ခုခံတိုက်ခိုက်မှုကို ချေမှုန်းနိုင်ရန် စစ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေး သမားတစ်ဦးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒ တရုတ် အခိုင်အမာကျင့်သုံး

ပေကျင်း ဩဂုတ် ၂၄

တရုတ်ပြည်က လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒအား အခိုင်အမာ ကျင့်သုံးမည်ဖြစ်ပြီး တန်းတူရည်တူနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုအပေါ် အခြေခံ၍ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးချဲ့ဖလှယ်မည်ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က တနင်္ဂနွေနေ့က ပြောကြားသည်။

တရုတ်ပြည်၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် ငြိမ်းချမ်းသည့် နိုင်ငံတကာပတ်ဝန်းကျင်ရှိရန် လိုအပ်ပြီး ယင်းတိုးတက်ဖွံ့ဖြိုးမှုက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးမှု ရရှိစေရန် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်း၊ တရုတ်ပြည်က ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်မှုအား ဦးတည်သည့် လမ်းစဉ်ကို စွဲကိုင်ထားမည်ဖြစ်ကြောင်း ဟူကျင်တောင်က ဆက်လက်ပြောကြားသည်။

ရပ်တည်မည်

တရုတ်ပြည်သည် ကမ္ဘာ့ငြိမ်းချမ်းရေး ဆက်လက်တည်တံ့ရေးအတွက်နှင့် အများနှင့် ပတ်သက်သည့် တိုးတက်ဖွံ့ဖြိုးမှု တိုးမြှင့်ပေးရေးအတွက် အစဉ်သဖြင့် ခိုင်မာသည့် အင်အားတစ်ရပ်အဖြစ် ရပ်တည်နေမည်ဖြစ်ကြောင်း ကွယ်လွန်သူ တိန့်ရှောင်ဖိန် ရာပြည့်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသူများအား ပြောကြားသည်။

တစ်ချိန်တည်းတွင် တရုတ်ပြည်အနေဖြင့် နိုင်ငံတော် အချုပ်အခြာအာဏာနှင့် အမျိုးသားလုံခြုံရေးကို ပထမအဆင့်တွင် အစဉ်ထားရှိမည်ဖြစ်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကာကွယ်ရေးဌာန လုံခြုံရေးအတွက် မမိုတ်မသုန် ကာကွယ်စောင့်ရှောက်သွားမည်ဟု ဟူကျင်တောင်က ပြောကြားသည်။

နိုင်ငံတကာ ဆက်ဆံရေးတွင် ဒီမိုကရေစီကျစေရန် တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ပြီး အများ ပြည်သူများ ကြီးပွားချမ်းသာရေးအတွက် ရည်မျှော်ကာ ကမ္ဘာတစ်ဝန်းဆိုင်ရာ စီးပွားရေးပေါင်းခြုံမှုဖြစ်စဉ်ကို တွန်းအားပေးဆောင်ရွက်၊ ဗိုလ်ကျစိုးမိုးရေးဝါဒ ဆန့်ကျင်၊ နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု တိုက်ဖျက်၊ သစ်လွင် တရားမျှတပြီး ဆင်ခြင်တုံတရားရှိသည့် နိုင်ငံတကာနှင့် စီးပွားရေးစနစ် ထူထောင်ရန် မဆုတ်မနစ် ဖော်ဆောင်မည်ဖြစ်ကြောင်း ဟူကျင်တောင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အဘူဂါရိပ်နှင့် အခြားအကျဉ်းစခန်းများတွင် ဖြစ်ပွားသည့် နှိပ်စက်ညှဉ်းပန်းမှုများ အမေရိကန်စစ်ဘက်အရာရှိကြီးများ အုပ်ချုပ်ကွပ်ကဲမှုညံ့ခြင်းကြောင့်ဟုဆို

နယူးယောက် ဩဂုတ် ၂၅

အမေရိကန်စစ်ဌာနချုပ် တွဲဖက်စစ်ဦးစီးချုပ်များနှင့် အီရတ်နိုင်ငံရှိ အမေရိကန်စစ်ဌာနချုပ်၏ အဆင့်မြင့်အရာရှိကြီးများ၏ ဦးဆောင်မှုညံ့ဖျင်းခြင်းကြောင့် အီရတ်အဘူဂါရိပ် အကျဉ်းထောင်နှင့် အခြားအကျဉ်းစခန်းများတွင် နှိပ်စက်ညှဉ်းပန်းမှုအခြေအနေများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း အစီရင်ခံစာသစ်တစ်ရပ်တွင် သုံးသပ်ဖော်ပြထားသည်။

ယင်းအစီရင်ခံစာအား ပြင်ပမှ အဆင့်မြင့် အရာရှိအဖွဲ့က အမေရိကန် စစ်ဘက်၏ ထိန်းသိမ်းရေးလုပ်ရပ်များကို လေ့လာသုံးသပ်ကာရေးသားထားကြခြင်းဖြစ်သည်။ ၎င်းအစီရင်ခံစာတွင် အီရတ်ဆိုင်ရာ ထိပ်တန်းတပ်မှူးဟောင်း ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒို ဆန်ချက်ဇ်အပါအဝင် ကာကွယ်ရေးခေါင်းဆောင်များအား အီရတ်အကျဉ်းထောင်များ၊ ကျူးဘားနှင့် အာဖဂန်နစ္စတန်အကျဉ်းစခန်းများ၌ စစ်ဆေးမေးမြန်းရာတွင် အပြည့်အဝ တာဝန်ယူကွပ်ကဲမှု မရှိခဲ့ကြောင်း အပြစ်ဖို့ထားသည်။ ဆန်ချက်ဇ်သည် အီရတ်နိုင်ငံတွင် ထိပ်တန်းတပ်မှူးဟောင်းတစ်ဦးဖြစ်ခဲ့သည်။

ပြစ်တင်

ယင်းအစီရင်ခံစာက အမေရိကန် ကာကွယ်ရေးဝန်ကြီးဒေါ်နယ်ရမ်းစဖဲလ်အား မဖွယ်မရာပြုမှု သို့တည်းမဟုတ် မူဝါဒအမှား ထုတ်ပြန်မှုတို့အတွက် ပြောင်ပြောင်တင်းတင်း အပြစ်ဖို့ထားခြင်းမရှိပေ။ သို့ရာတွင် ယင်းအစီရင်ခံစာက ဒေါ်နယ်ရမ်းစဖဲလ်နှင့် ၎င်း၏အရပ်သားထိပ်တန်းလက်ထောက်နှင့် စစ်ဘက်ဆိုင်ရာ လက်ထောက်များအား အကျဉ်းစခန်းများတွင်ပြုလုပ်နေသည့် စစ်ဆေးမေးမြန်းမှု ဆိုင်ရာနည်းလမ်းများအပေါ် လုံလောက်သည့် ကြပ်မတ်ကွပ်ကဲမှုမရှိမှုအပေါ် သွယ်ဝိုက်၍သာ အပြစ်တင်ထားသည်ဟု ကာကွယ်ရေးတာဝန်ရှိပုဂ္ဂိုလ်များက နယူးယောက်တိုင်းမ်သတင်းစာအား ပြောကြားခဲ့ကြသည်။

စစ်ဘက်ဆိုင်ရာ အရင်းအမြစ်ပစ္စည်းများအား ဝေငှပေးရသည့်ကိစ္စတွင် တာဝန်ရှိသောစစ်ဘက်ပူးတွဲဦးစီးချုပ်ဌာနသည် အဘူဂါရိပ် အကျဉ်းစခန်းတွင် အကျဉ်းသားအသစ်များ တဖွဲဖွဲနောက်ထပ်ရောက်လာမှုကြောင့် လုပ်ငန်းမနိုင်မနင်းဖြစ်နေသည့် တပ်ဖွဲ့ဝင်များ၏ အခြေအနေကိုလည်း မသိကျိုးကျွံ ပြုထားကြောင်း၊ ယင်းအချိန်တွင် အဘူဂါရိပ် အကျဉ်းစခန်းမှ အစောင့် ဦးရေသည် ဂွာတာနာမိုအကျဉ်းစခန်းရှိ အစောင့်ဦးရေအောက်များစွာလျော့နည်းလျက်ရှိသည်ဟုဆိုကာ အဝေဖန်ခံထားရသည်။

၎င်းအစီရင်ခံစာက ဆန်ချေးဇ်သည်လည်း အဘူဂါရိပ် အကျဉ်းစခန်းမှ ဆိုးရွားနေသည့် အခြေအနေများကို လုံလောက်သည့် အနီးကပ်စူးစိုက် လေ့လာမှုမရှိခဲ့ဘဲ အကျဉ်းစခန်းလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲရာတွင် လက်ထောက်ငယ်သားများ အားလွှဲထားခဲ့ကြောင်း အပြစ်ဖို့ထားသည်။

ဖော်ပြပါ အစီရင်ခံစာက အဘူဂါရိပ် အကျဉ်းစခန်းရှိ အမှတ် (၈၀၀) စစ်ရဲတပ်မဟာတပ်မှူးဖြစ်သူ ဗိုလ်မှူးချုပ်ဂျင်းနစ္စကာပင်စကီး အားလည်း ဦးဆောင်ကွပ်ကဲမှု အားနည်းသည် ကိုပြစ် တင်ရေးသားထားသည်။ ကာပင်စကီးအား မေလအတွင်းက ရာထူးချထားခဲ့သည်ဟု နယူးယောက်တိုင်းမ် သတင်းစာကဖော်ပြသည်။

အမ်အင်အေ၊ပီတီအိုင်။

နေရာယူ

နာဂျက်ဖ်မြို့တွင် တိုက်ပွဲဝင်ရန် နေရာယူနေကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် အမေရိကန်ကို ဒို့မုန်းသည်ဟူသောဆိုင်းဘုတ် ကိုင်ဆောင်၍ ဆန္ဒပြနေသော ပြည်သူများကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းမှု ဂျာမနီတွင် စစ်ဆေး ကန်ကာကွယ်ရေးဝန်ကြီး အစစ်ဆေးခံရန် တရားခံ၏ရှေ့နေတောင်းဆို

မန်ဟိန်း ဩဂုတ် ၂၄

အီရတ်နိုင်ငံရှိ အကျဉ်းထောင်တွင် အမေရိကန် တပ်ဖွဲ့ဝင်များက အကျဉ်းသားများအပေါ် မဖွယ်မရာ နှိပ်စက်ညှဉ်းပန်းခဲ့သည့်ကိစ္စကို ဂျာမနီတွင် စစ်ခုံရုံးတင်စစ်ဆေးလျက်ရှိသည်။ တရားခံ၏ရှေ့နေတစ်ဦးက ထိုအမှုနှင့်ပတ်သက်၍ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်ကို တရားရုံးမှ ခေါ်ယူစစ်ဆေးပေးပါရန် တောင်းဆိုခဲ့သည်။

အဆိုပါရှေ့နေမှာ အမှုသည်တရားခံ တပ်ကြပ်ကြီး ဂျာဘယ်ဒါဖစ်၏ အမှုကိုလိုက်ပါ ဆောင်ရွက်နေသော ရှေ့နေပေါလ်ဘာဂရင်ဖြစ်သည်။ အမေရိကန် ကာကွယ်ရေးဝန်ကြီးသည် ၂၀၀၂ခုနှစ်အတွင်းက အကျဉ်းသားများ စစ်ဆေးရာ၌ လိုက်နာရမည့် နည်းနာများနှင့်ပတ်သက်၍ လက်မှတ်ရေးထိုး ထုတ်ပြန်ထားသည့် အထောက်အထား ရှိကြောင်း ရှေ့နေဘာဂရင်က ပြောကြားသည်။ ထိုအထောက်အထားတွင် ကျူးဘားနိုင်ငံ ဂွာတာနာမိုဘေးရှိ အကျဉ်းသားများကို စစ်ဆေးရာ၌ ကြမ်းတမ်းသော နည်းများ သုံးစွဲနိုင်ကြောင်း ခွင့်ပြုထားသည်ဟု ဆိုသည်။

စစ်ဆေး

ထိုစစ်ဆေးရန် နည်းနာများတွင် အကျဉ်းသားများကို ခေါင်းစွပ်များစွပ်၍ စစ်မေးခြင်း၊ အချိန်နာရီ ၂၀ ကြာ စစ်ဆေးစေခြင်းနှင့် အချိန်ကြာမြင့်စွာ သီးခြားခွဲ၍ ချုပ်ထားစေခြင်း စသည့် နည်းလမ်းများပါရှိကြောင်း သိရသည်။ ထိုစစ်ဆေးနည်းများကို ဂွာတာနာမိုတွင်သာမက နောက်ပိုင်းတွင် အီရတ်ရှိ အကျဉ်းထောင်၌ပါ လက်ခံကျင့်သုံးခဲ့သည်။ အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်သည် ဘဂ္ဂဒက်မြို့စွန်တွင် တည်ရှိသည်။

တောင်းဆို

ကန်ကာကွယ်ရေးဝန်ကြီးက ခွင့်ပြုထားသော အကျဉ်းသားများအပေါ် စစ်ဆေးရန် နည်းလမ်းများတွင် အဝတ်မပါ ဗလာနှင့်ထားခြင်း၊ ကိုယ်စိတ်ဆင်းရဲအောင်ပြုခြင်း၊ ခွေးဖြင့်ခြောက်လန့်သည့် နည်းနာများလည်း အကျုံးဝင်သည်ဟု ဆိုသည်။ တရားခံရှေ့နေဘာဂရင်က ထိုအမှုကို စစ်ဆေးနေသူတရားသူကြီးအား ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်ကို တရားရုံးသို့လာရောက်ရန်၊ ဆင့်ခေါ်ပေးပါရန်နှင့် တရားရုံးက စစ်မေးသည်များကို ဖြေကြားစေရန်ပါ တောင်းဆိုခဲ့ကြောင်း သိရသည်။

ယုံကြည်နိုင်စရာမရှိ

အခြေအနေအရပ်ရပ်မှာ အထက်ဖော်ပြပါအတိုင်း ရှိနေသည်ဖြစ်၍ တရားခံစစ်ရဲခုနစ်ဦးတို့ကအကျဉ်းသားများကို စစ်ဆေးရာ၌ ကြမ်းတမ်းသော နည်းနာများကို ဆန္ဒအလျောက်သုံးစွဲဆောင်ရွက်ခဲ့သည် ဆိုသောအချက်မှာ ယုံကြည်နိုင်စရာမရှိသော အချက်ပင်ဖြစ်ကြောင်း ရှေ့နေဘာဂရင်က ပြောကြားသည်။

ခြိမ်းခြောက်

အီရတ်တွင် အကျဉ်းသားများကို အမေရိကန်စစ်ရဲများက ကိုယ်လုံးတီးဓာတ်ပုံရိုက်ခြင်း၊ အဝတ်မပါဗလာကိုယ်ဖြင့် တစ်ယောက်အပေါ် တစ်ယောက် ထပ်၍နေခိုင်းခြင်း၊ ခွေးဖြင့်တိုက်မည့် အနေအထားပြုကာ ခြိမ်းခြောက်ခြင်း၊ ဓာတ်လိုက်နေသော ဝါယာငုတ်ဖြင့် ထိတွေ့မည်ဟု ခြိမ်းခြောက်စေခြင်း စသည့် နည်းနာများဖြင့် နှိပ်စက်ခဲ့ကြသည်။

အဆိုပါ ကိစ္စရပ်များ ပေါ်ပေါက်ခဲ့သဖြင့် အမေရိကန် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်မှာ အနေခက်အထိုင်ခက် ကသိကအောင့် ဖြစ်ခဲ့ရသည်ဟု ဆိုသည်။ ***အင်တာနက်။***

ကန်စစ်ယာဉ်တန်း အတိုက်ခံရ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ဘဂ္ဂဒက်မြို့ အမေရိကန်စစ်ယာဉ်တန်းအား ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက အင်္ဂါနေ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

တနင်္လာနေ့ ညနေ ၆နာရီ၄၅မိနစ်တွင် အမေရိကန်ကင်းလှည့်ယာဉ်တန်းအား အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်ခြင်း ဖြစ်ကြောင်း ကြေညာချက်တွင်ပါရှိသည်။

ကနဦးတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိပြီး ၎င်းတို့အား ဆေးရုံသို့ ပေးပို့ခဲ့ကြောင်း၊ ဆေးရုံတွင်အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာရရှိထားသည့် ဒဏ်ရာကြောင့်သေဆုံးခဲ့သည်။

အဆိုပါ သေဆုံးသည့် တပ်ဖွဲ့ဝင်နှင့်ဆိုလျှင် ၂၀၀၃ ခုနှစ်မတ်လတွင် အမေရိကန် ဦးဆောင်သည့် အီရတ်စစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက် အီရတ်၌တိုက်ပွဲများကြောင့် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်မှာ ၇၂၀ရှိပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကင်ဆာဆေးသစ်တစ်မျိုး သုတေသီများ ရှာဖွေတွေ့ရှိ

လော့စ်အိန်ဂျလိ(စ်) ဩဂုတ် ၂၅

တောင်ကာရိုလိုင်းနား ပြည်နယ်တက္ကသိုလ်မှသုတေသီများသည်ကင်ဆာရောဂါကလာပ်စည်းများ၏ ပွားများမှုကို နှေးကွေးစေသည့် ဆေးသစ်တစ်မျိုးကို ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ်၂၃ရက်က ကြေညာသည်။

သုတေသီများ တွေ့ရှိထားသော ဆေးကိုဇီဘူလာရင်ဟုအမည်ပေးထားသည်။ ထိုဆေးသည် ကင်ဆာရောဂါဖြစ်ပွားနေသော ကလာပ်စည်းများ၏ ပွားများမှုကို ၆၈ ရာခိုင်နှုန်း လျော့ကျသွားစေသည်။ သို့ရာတွင် ထိုဆေးကြောင့် သာမန်ကလာပ်စည်းများ၏ ပွားစည်းမှုကိုမူ ၂၁ရာခိုင်နှုန်း သို့မဟုတ် ထိုအောက်တွင်သာအဟန့်အတားဖြစ်စေကြောင်း သုတေသီများက ဆိုသည်။

အထက်ပါ ထူးခြားချက်ကြောင့် ဇီဘူလာရင်ဆေးကိုဓာတ်ခွဲခန်းစမ်းသပ်မှုအဆင့်မှကျော်လွန်ပြီးဆေးရုံ၊ဆေးခန်းစမ်းသပ်မှုအဆင့်သို့ ကူးပြောင်းလေ့လာရန် အလားအလာများ ဖြစ်ပေါ်လာကြောင်း သိရသည်။

ဖော်ပြပါဆေးဝါးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဩဂုတ်လထုတ်ကင်ဆာဆဲလ်အမည်ရှိစာစောင်တွင် ရေးသားဖော်ပြခဲ့သည်။ ကင်ဆာဆေးအသစ်ကို စူးစမ်းဖော်ထုတ်ရာတွင် အဓိကပါဝင်ခဲ့သူမှာတောင်ကာရိုလိုင်းနားပြည်နယ် တက္ကသိုလ် နောရစ်ဗဟိုကင်ဆာဌာနမှ ညွှန်ကြားရေးမှူး ပီတာဂျုံးဖြစ်သည်။သုတေသီများသည် မနုဿလူသား၏ကင်ဆာရောဂါဖြစ်ပွားနေသည့် ကလာပ်စည်း ခုနစ်မျိုးအပေါ်တွင် ဇီဘူလာရင်ဆေးနှင့် ထိတွေ့စေပြီး စမ်းသပ်ခဲ့သည်။ ထိုနည်းတူ လူသား၏ သာမန်အကောင်းပကတိကလာပ်စည်းလေးမျိုးတို့အပေါ်၌လည်း ထိုဆေး၏ အာနိသင်ကိုစမ်းသပ်ခဲ့သည်။ ဖော်ပြပါ စမ်းသပ်မှုနှစ်မျိုးမှ ရရှိလာသောရလဒ်များကို နှိုင်းယှဉ် ကြည့်ခဲ့ကြသည်။

ထိုနှိုင်းယှဉ်လေ့လာချက်အရကင်ဆာဆေးအသစ်သည် ကင်ဆာရောဂါ ဖြစ်ပွားနေသော ကလာပ်စည်းခုနစ်မျိုး၏ ပွားများမှုကို တားဆီးပိတ်ပင်နိုင်ကြောင်း တွေ့ရှိကြသည်။ ပွားများမှုဟန့်တားနှုန်းမှာ ကင်ဆာဆဲလ် အမျိုးအစားကိုလိုက်ပြီး ဟန့်တားနိုင်မှုအတိုင်းအတာမှာ ၃၂ ရာခိုင်နှုန်းမှ ၆၈ ရာခိုင်နှုန်းအတွင်းရှိကြောင်း သိရှိရသည်။ သာမန်ကလာပ်စည်းများ ပွားစည်းမှုကို အဟန့်အတားပြုသော ပမာဏမှာ ၁၂ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းအတွင်း၌သာရှိကြောင်း လေ့လာတွေ့ရှိရသည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နာဂျက်ဖ်တွင် မြို့တွင်းတိုက်ပွဲများ ဆက်လက်ဖြစ်ပွား

နာဂျက်ဖ် ဩဂုတ် ၂၅

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ အီမန်အလီဝတ်ကျောင်းဝန်းကျင်တွင် တိုက်ပွဲများ ဩဂုတ် ၂၄ ရက်အထိ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဝတ်ကျောင်းအနီး ကိုက် ၂၀၀ ကွာသည့်နေရာအထိ အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ ရောက်ရှိလာကြသည်။ အီရတ် ကာကွယ်ရေးဝန်ကြီးက ခုခံရေးသမားများကို လက်နက်ချကြရန် တောင်းဆိုထားသည်။ ထိုမြို့ပေါ်တွင် စစ်လေယာဉ်သံများ ကြားနေရသည်မှာ သုံးညဆက်တိုက်ရှိပြီဖြစ်၏။ ပြင်းထန်သော ပေါက်ကွဲသံများမှာလည်း မြည်ဟည်းနေဆဲဖြစ်သည်။

မကြာမီကာလတွင် အဆုံးအဖြတ်ပေးမည့်အချိန်ကို ဆိုက်ရောက်လာတော့မည်ဟု အီရတ်ကာကွယ်ရေးဝန်ကြီး ဟာဇမ်ရှာလန်က ဆိုသည်။

အယ်လ်ဆာဒါ၏ လက်ထောက်များက ဆွေးနွေးရန် ကမ်းလှမ်းလာသော်လည်း အီရတ်ကြားဖြတ်အစိုးရက အကြိမ်ကြိမ်ပယ်ချခဲ့သည်။ မိမိတို့သည် ယခုဖြစ်ပွားနေသော အကျပ်အတည်းနှင့် လူအများခံစားရသော ဒုက္ခများကို အဆုံးသတ်သွားစေရန် ဆွေးနွေးမှုများ ပြုလုပ်လိုသော်လည်း ကြားဖြတ်အစိုးရအဖွဲ့က ညှိနှိုင်းဆွေးနွေးရန် လိုလားခြင်းမရှိဟု ရှိတ်အလီစမီဆင်က ပြောကြားသည်။ ၎င်းသည် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ အထက်တန်းလက်ထောက်တစ်ဦးဖြစ်သည်။

နာဂျက်ဖ်မြို့၌ တိုက်ပွဲများပြင်းထန်နေချိန်တွင် ဘဂ္ဂဒက်မြို့တော်၌လည်း ကြားဖြတ်အစိုးရ ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးကို ဗုံးခွဲလုပ်ကြံမှုနှစ်ခု ဖြစ်ပွားခဲ့သည်။ ဝန်ကြီးနှစ်ဦးမှာ အသက်ဘေးမှ လွတ်မြောက်သွားသော်လည်း သက်တော်စောင့်ငါးဦးမှာ သေဆုံးသွားကြောင်း သတင်းများက ဆိုသည်။

လုပ်ကြံခံရသော ဝန်ကြီးတစ်ဦးမှာ သဘာဝပတ်ဝန်းကျင် ဝန်ကြီး မစ်စကတ်မော်မင်ဖြစ်သည်။ ဂြိုဟ်တုဝက်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသော သတင်းအရ သဘာဝဝန်းကျင်ဝန်ကြီးကို အသေခံဗုံးခွဲသောကိစ္စမှာ တော်ဟစ်အဖွဲ့မှဖြစ်ကြောင်း သိရသည်။

ခက်ခဲ

ထိုအဖွဲ့က ဖော်ပြသော ခြိမ်းခြောက်စာတွင် သင်နှင့်သင့်အဖွဲ့သည် ယနေ့ လုပ်ကြံမှုမှ လွတ်မြောက်သွားသော်လည်း မိမိတို့တွင် အသုံးချစရာလက်နက် အများအပြားရှိနေသည်။ နောက်တစ်ကြိမ်တွင် ပစ်မှတ်ကို ထိလိမ့်မည်ဟု ဖော်ပြထားသည်။ ထိုခြိမ်းခြောက်စာသည် အစစ်အမှန်ဟုတ်၊ မဟုတ်ကို စစ်ဆေးရန် ခက်ခဲကြောင်း သိရသည်။

အသိပေးမည်

အီရတ် လုံခြုံရေးတပ်ဖွဲ့များသည် ရှီးယိုက်ခုခံရေးသမားများ ဝတ်ကျောင်းတော်ကို စွန့်လွှတ်ပြီး လက်နက်ချကြရန် အသံချဲ့စက်များ အသုံးပြုကာ အသိပေးသွားမည် ဖြစ်ကြောင်းကို အီရတ် ကာကွယ်ရေးဝန်ကြီးက နာဂျက်ဖ်မြို့နှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ် ပြောကြားခဲ့သည်။

လက်နက်ချနိုင်

ရှီးယိုက် ခုခံရေးသမားများ၏ ခေါင်းဆောင် မိုတာဒါဆာဒါသည် ယခုအခြေအနေတွင် လက်နက်ချမည်ဆိုလျှင် လက်နက်ချနိုင်ကြောင်း၊ နောက်ပိုင်းမှဝင်လာလျှင် ထိုအခွင့်အရေး ရတော့မည်မဟုတ်ကြောင်း ရှာလန်က ပြောကြားသည်။

ပြန်လည်ပစ်ခတ်

လတ်တလော အခြေအနေ၌မူ နာဂျက်ဖ်မြို့၏ မြို့လယ်ပိုင်းနေရာများကို အမေရိကန်တိုက်ခိုက်ရေး ရဟတ်ယာဉ်များနှင့် ဘရက်ဒလေ တိုက်ခိုက်ရေးယာဉ်များက တိုက်ခိုက်လျက်ရှိကြသည်။ ရှီးယိုက် ခုခံရေးသမားများကလည်း လက်နက်ငယ်များ၊ လောင်ချာများ၊ စိန်ပြောင်းများနှင့် ပြန်လည်ပစ်ခတ်နေကြဆဲဖြစ်သည်ဟု အမေရိကန် စစ်ဘက်အရာရှိ ခရစ်ကန့်က ပြောကြားသည်။ ***အင်တာနက်။***

ကြေးမုံ Logo နိုင်ငံတကာသတင်းများ

တိုက်ပွဲဖြစ်ပွား

နာဂျက်ဖ်မြို့တွင် အီရတ် ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂအဖွဲ့ကြီး ပိုမိုအင်အားတောင့်တင်းသင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် ပြောကြား

ပေကျင်း ဩဂုတ် ၂၅

နိုင်ငံစုံစုစည်းရာ နေရာတစ်နေရာအဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးသည် အင်အားချည့်နဲ့ရမည့်အစား အင်အားပိုမိုတောင့်တင်းသင့်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပေကျင်းမြို့တွင် ပြောကြားလိုက်သည်။

(၅၉) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခံထားရမည့် ဂါဘွန် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဂျင်းပင်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ဝမ်က ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် နိုင်ငံတကာကိစ္စရပ်များတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားသင့်ကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။

တရုတ်ပြည်တွင် ခြောက်ရက်ကြာလည်ပတ်ရန်အတွက် ဂျင်းပင်သည် တနင်္ဂနွေနေ့ နံနက်က ပေကျင်းသို့ရောက်ရှိခဲ့သည်။ ကမ္ဘာပေါ်တွင် အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံအနက် တစ်နိုင်ငံဖြစ်သည့် တရုတ်ပြည်သည် နိုင်ငံတကာကိစ္စများတွင် ဩဇာတိက္ကမအလွန်ရှိကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့် အကျိုးတူ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုမိုအကျိုးပြုနိုင်စေရန် ကုလသမဂ္ဂနှင့် ကုလသမဂ္ဂအထွေထွေညီလာခံကို တရုတ်ပြည်က ဆက်လက် အားပေးထောက်ခံသည်ဟု မျှော်လင့်ကြောင်း ဂျင်းပင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မော်တော်ယာဉ်မောင်းနှင်စဉ် မိုဘိုင်းဖုန်းသုံးစွဲမှု ဂျပန်နိုင်ငံတွင် တားမြစ်ပိတ်ပင်ရန်စီစဉ်

တိုကျို ဩဂုတ် ၂၅

ဂျပန်အစိုးရက ကားမောင်းနေစဉ် မိုဘိုင်းဖုန်း အသုံးပြုသူများအား ဒဏ်တပ်မည့် ဥပဒေကို နိုဝင်ဘာလတွင် စတင်အာဏာသက်ဝင်မှုရှိရန် ထုတ်ပြန် ကြေညာမည်ဖြစ်ကြောင်း အင်္ဂါနေ့က ဆုံးဖြတ်လိုက်သည်။

ယင်းဒဏ်ငွေများကို မော်တော်ယာဉ်အမျိုးအစားအပေါ်မူတည်၍ အခြေခံသတ်မှတ်မည်ဖြစ်ပြီး ဂျပန်ယန်းငွေ ၅၀၀၀ မှ ၇၀၀၀ အထိ (အမေရိကန်ဒေါ်လာ၄၅မှ၆၄ဒေါ်လာအထိ) ချမှတ်မည် ဖြစ်သည်။ ဒဏ်ငွေပေးဆောင်ရန် ငြင်းဆိုသည့် မော်တော်ယာဉ်မောင်းသူအား ဒဏ်ငွေယန်း ၅၀၀၀၀ (၄၅၈ ဒေါ်လာ) အထိ ချမှတ်မည် ဖြစ်သည်။

ပြစ်ဒဏ်ချမှတ်

မိုဘိုင်းဖုန်း အသုံးပြုနေသည့် မော်တော်ယာဉ်မောင်းများအား ယခုအခါတွင် လမ်းသွားလမ်းလာများ အန္တရာယ်ရှိသည်ဟုယူဆမှသာ အပြစ်ပေးလျက်ရှိသည်။

မကြာမီ ထုတ်ပြန်မည့် ဥပဒေသစ်အရ ယာဉ်မောင်းသူများ ဖုန်းပြောလျှင်သော်လည်းကောင်း၊ မိုဘိုင်းဖုန်း၏ မှန်သားပြင်အား ကြည့်ရှုနေလျှင်သော်လည်းကောင်း ပြစ်ဒဏ် ချမှတ်မည်ဖြစ်သည်။

အပြစ်ပေးမည်

ယင်းစည်းမျဉ်းသစ်တွင် အရက်သောက်စားမှု ရှိ၊ မရှိတိုင်းသည့် ကိရိယာဖြင့် စမ်းသပ်စစ်ဆေးမှုကို မခံယူသူများနှင့် မလိုအပ်ဘဲ ဆူဆူညံညံ ပြုလုပ်သည့် ယာဉ်မောင်းများကိုလည်း မြင့်မားသော ဒဏ်ငွေများ ချမှတ်အပြစ်ပေးမည်ဖြစ်သည်ဟု ပါရှိသည်။

အရက်သောက်စားမှု ရှိ၊ မရှိတိုင်းသည့် ကိရိယာစမ်းသပ်မှု ငြင်းဆိုမှုအတွက် ပြစ်ဒဏ်ချမှတ်ငွေပမာဏကို ယန်းငွေ ၅၀၀၀၀မှ ၃၀၀၀၀၀ အထိ တိုးမြှင့်ထားမည်ဖြစ်သည်။

စီစဉ်

ဂျပန်အစိုးရက အခြား မော်တော်ယာဉ် စည်းကမ်းများအား သုံးနှစ်အတွင်း ထုတ်ပြန်ရန်စီစဉ်လျက်ရှိသည်။

ကျင့်သုံးမည်

ယင်းစည်းကမ်းများတွင် ကားရပ်မှုနှင့်စပ်လျဉ်းသည့် စည်းကမ်းချိုးဖောက်မှုများအပေါ် ဒဏ်ငွေတပ်သည့် ငွေများအား ပုဂ္ဂလိကစနစ်ဖြင့် ကျင့်သုံးမည်ဖြစ်ပြီး အမြန်လမ်းမကြီးပေါ်တွင် မော်တော်ဆိုင်ကယ်နှစ်ယောက်စီးနိုင်ခွင့်ပြုရေး ကိစ္စတို့ ပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မီးခိုးများတက်

နာဂျက်ဖ်မြို့တွင် အီရတ် ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားသည့် နေရာမှ မီးခိုးများ တက်နေသည်ကို ဩဂုတ် ၂၃ ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့များ နာဂျက်ဖ်ကို ထိုးစစ်ဆင်တိုက်ခိုက် ခုခံတိုက်ခိုက်ရေးသမားများ မြို့ကို ကာကွယ်ထားဆဲ

နာဂျက်ဖ် ဩဂုတ် ၂၅

အမေရိကန်တပ်ဖွဲ့များသည် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါအား သစ္စာခံသည့် ခုခံတိုက်ခိုက်ရေးသမားများကို အင်္ဂါနေ့ အစောပိုင်းက အရှိန်အဟုန်မြင့်၍ တိုက်ခိုက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

တိုက်ခိုက်

အမေရိကန်တပ်ဖွဲ့များသည် အီမန်အလီ ဝတ်ကျောင်းတော်ကြီးအား ကာကွယ်စောင့်ရှောက်နေသည့် ခုခံတိုက်ခိုက်ရေးသမားများကို စစ်ကြောင်းသုံးကြောင်းဖွင့်၍ တိုက်ခိုက်နေကြောင်း၊ နာဂျက်ဖ်မြို့၏ မြို့ဟောင်းဒေသအတွင်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်တိုက်ခိုက်ကြောင်း ဒေသခံများက ပြောကြားကြသည်။

အားပျော့

အမေရိကန်တပ်ဖွဲ့များသည် သံချပ်ကာကားများ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့် အေစီ-၁၃၀ အမျိုးအစား တိုက်ခိုက်ရေးလေယာဉ်များ အသုံးပြု၍ ထိုးစစ်ဆင် တိုက်ခိုက်နေကြောင်း၊ အမေရိကန်တပ်ဖွဲ့တွင် ကြည်းတပ်တပ်ဖွဲ့ဝင်များနှင့် မရိန်းတပ်ဖွဲ့ဝင်များ ပါဝင်သည်။

တနင်္လာနေ့ ညသန်းခေါင်ယံအချိန်မှစ၍ တိုက်ပွဲစတင်ဖြစ်ပွားခဲ့ရာ အင်္ဂါနေ့ နံနက် ၃ နာရီနီးပါးအထိ ပစ်ခတ်သံများ ရပ်ဆိုင်းသွားခြင်းမရှိကြောင်း၊ နာဂျက်ဖ်မြို့ အနောက် ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ခုခံတိုက်ခိုက်မှုများ အားပျော့သွားကြောင်း ဒေသခံများက ပြောကြားကြသည်။

အင်တာနက်။

အာဆီယံနိုင်ငံများ သွေးစည်းခိုင်မာရေး

အောင်မိုးခံ

အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကို အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာ ကျင်းပဖို့ ကြိုတင်ပြင်ဆင်လျက်ရှိသည်။ EU ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံသစ် ၁၀ နိုင်ငံ တက်ရောက်မှာဖြစ်သလို အာဆီယံအဖွဲ့ဝင်သစ် သုံးနိုင်ငံပါ တက်ရောက်ကြဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် အာဆီယံအဖွဲ့ဝင်သစ်ဖြစ်တဲ့ မြန်မာနိုင်ငံ တက်ရောက်ခွင့်ကို EU ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့က ကန့်ကွက်တယ်လို့ သိရပါတယ်။ အခုလို ကန့်ကွက်ရတာဟာ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ တိုးတက်မလာလို့ ဆိုပြီး အကြောင်းပြပါတယ်။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ တိုးတက်–မတိုးတက်ဆိုတာကို အနောက်ဥရောပ ဒီမိုကရေစီစံနဲ့ တိုင်းမလား၊ အာရှစံနဲ့ တိုင်းမလား၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ အခြေအနေနဲ့ တိုင်းမှာလား၊ လူပုဂ္ဂိုလ်စွဲနဲ့ တိုင်းမှာလား။

အာဆီယံနိုင်ငံများနဲ့ မြန်မာ့အိမ်နီးချင်းနိုင်ငံများကတော့ အနောက်ဥရောပ ဒီမိုကရေစီစံနဲ့ မတိုင်းဘူး၊ အာရှစံနဲ့ တိုင်းပါတယ်။ ပုဂ္ဂိုလ်စွဲနဲ့ မတိုင်းဘူး၊ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အခြေအနေနဲ့ တိုင်းပါတယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီ ထူထောင်ကူးပြောင်းရေးအပေါ် အပြုသဘော ကြိုဆိုထောက်ခံကြပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံဟာ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး အလုပ်စခန်းကို တက်လှမ်းနေပြီ ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်စတင်ကျင်းပပြီး အပိုင်းတစ်ပိုင်းတောင် အောင်မြင်စွာ ပြီးစီးနေပြီဖြစ်ပါတယ်။ EU ဥရောပသမဂ္ဂနိုင်ငံအချို့က ဒါတွေကို မကျေနပ်နိုင်သေးဘူး။ သူတို့ ပြောသလို နာခံရမယ်ဆိုတဲ့ တောင်းဆိုမှုတွေဟာ သူတစ်ပါးပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုသာ ဖြစ်ပါတယ်။ ဒီတောင်းဆိုမှုဟာ အာဆီယံနိုင်ငံများရဲ့ မူဝါဒနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။ အာရှ-ဥရောပ ထိပ်သီး အစည်းအဝေးသို့ မြန်မာနိုင်ငံ တက်ရောက်ခွင့်မပြုဘူးဆိုတဲ့ EU နိုင်ငံတို့ရဲ့ ပိတ်ပင်မှုဟာ အာဆီယံနိုင်ငံချင်း သွေးခွဲမှုလည်း ဖြစ်ပါတယ်။ အာဆီယံနိုင်ငံချင်းသာ ဆုံးဖြတ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်တာလည်း ဖြစ်ပါတယ်။

ဒီအပေါ် အမြော်အမြင်ကြီးမားစွာ ဆင်ခြင်သိမြင်တဲ့ အာဆီယံခေါင်းဆောင်ကြီးများရဲ့ တုံ့ပြန်မှုကို ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ အာဆီယံ သုံးနိုင်ငံခရီးစဉ်မှာ အထင်အရှား တွေ့နေရပါတယ်။ မကြာသေးခင်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ အဖွဲ့ဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြတဲ့ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နဲ့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့ရဲ့ ဖိတ်ကြားချက်အရ ဩဂုတ်လ ၉ ရက်၊ ၁၀ ရက်နေ့များတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေး အလည်အပတ် သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ အာဆီယံအဖွဲ့ဝင် သုံးနိုင်ငံခေါင်းဆောင်ကြီးများနဲ့ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးများ တိုးမြှင့်မှု၊ ဒေသအတွင်းနဲ့ နိုင်ငံတကာရေးရာတို့တွင် အပြန်အလှန်နားလည်မှု၊ အပြန်အလှန် သဘောတူညီမှုများ ရရှိခဲ့ပါတယ်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများနဲ့ တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားပြီး ဗီယက်နမ် အပါအဝင် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံကို ထောက်ခံအားပေး၍ ကျေးဇူးတင်ပါကြောင်း၊ အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်ရေး၊ ဒေသအတွင်း ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မြန်မာနိုင်ငံက ကျန်အဖွဲ့ဝင်နိုင်ငံများနဲ့အတူ အစွမ်းကုန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ကလည်း ဗီယက်နမ်နိုင်ငံ၏ အမျိုးသား လွတ်မြောက်ရေးကာလတွင် မြန်မာနိုင်ငံ၏ ကူညီထောက်ခံမှုကို အမြဲသတိရကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများအပေါ် များစွာအားရကျေနပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒများကို မိမိတို့ထောက်ခံပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သွေးစည်းညီညွတ်မှု ပိုမိုခိုင်မြဲစေရန် မိမိတို့နှစ်နိုင်ငံ ကြိုးပမ်းမည်ဖြစ်ပါကြောင်း၊ ၂၀၀၆ ခုနှစ် အာဆီယံ အသင်းဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ တက်ရောက်ရေးကို ဗီယက်နမ်နိုင်ငံက ထောက်ခံပါကြောင်း ပြောကြားခဲ့ပါတယ်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး မူဝါဒလမ်းစဉ်များ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန်ကလည်း မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် မိမိတို့ စာနာနားလည်မှုရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မည်မျှရင်းနှီးပေးဆပ်ရသည်ကို နားလည်ပါကြောင်း ပြောကြားခဲ့ပါတယ်။

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများနဲ့ တွေ့ဆုံရာတွင်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဘဝတူများဖြစ်ကြသည့်အပြင် ရင်းနှီးချစ်ခင်ကြသည့် ညီအစ်ကိုနိုင်ငံများဖြစ်၍ ဒေသအတွင်း ကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားပြီး အပြန်အလှန်ထောက်ခံမှု၊ အကူအညီပေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်ကို ယုံကြည်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

၂၀၀၄ ခုနှစ် မေလအတွင်းက ဆိုက်ပရပ်စ်နဲ့ မော်လ်တာ၊ ကျွန်းနိုင်ငံလေးနှစ်နိုင်ငံနဲ့ အရှေ့ဥရောပနိုင်ငံ ရှစ်နိုင်ငံတို့ ဥရောပသမဂ္ဂ EU အဖွဲ့ကြီးသို့ ဝင်ရောက်လာခဲ့ပါတယ်။ ဒါကြောင့် EU နိုင်ငံ ၂၅ နိုင်ငံသို့ တိုးမြင့်သွားခဲ့တယ်။ အခုလို EU အဖွဲ့ရဲ့အင်အားကို တိုးချဲ့နိုင်ခြင်းကြောင့် တစည်းတလုံးတည်းသော ဥရောပတိုက်ကြီးဖြစ်ရေး ရည်မှန်းချက်ဆီသို့ ခြေတစ်လှမ်းတက်လှမ်းနိုင်ခဲ့ပြီ ဖြစ်တယ်လို့ ဥရောပနိုင်ငံခေါင်းဆောင်များက ဂုဏ်ယူမှတ်ချက်ချခဲ့ပါတယ်။ ဒါ့အပြင် EU အဖွဲ့ကြီး တိုးချဲ့ရေးခြေလှမ်းများ ဒီမှာတင် ရပ်တန့်နေမယ် မဟုတ်ပါ။ ၂၀၀၇ ခုနှစ်အတွင်း ဘူလ်ဂေးရီးယားနဲ့ ရိုမေးနီးယားနိုင်ငံများကို EU အဖွဲ့ဝင်နိုင်ငံသစ်အဖြစ် လက်ခံဖို့ပါ စီစဉ်ထားပါတယ်။ EU ရဲ့ အမြင့်ဆုံး အာဏာပိုင်အဖွဲ့ကြီးဖြစ်တဲ့ ဥရောပကောင်စီဟာ တူရကီနိုင်ငံကို အဖွဲ့ဝင်သစ်အဖြစ် လက်ခံဖို့ စဉ်းစားနေသလို ခရိုအေးရှားနဲ့ အခြား ယူဂိုဆလားဗီးယားပြည်ထောင်စုဝင်ဟောင်းနိုင်ငံများရဲ့ အဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကိုလည်း စတင်စဉ်းစားမယ်လို့ သိရပါတယ်။

သက်တမ်း နှစ် ၅၀ ကြာလာခဲ့တဲ့ EU အဖွဲ့ လျှောက်လှမ်းခဲ့ရသော ခရီးဟာလည်း ချောမွေ့သောလမ်း မဟုတ်ခဲ့ပါ။ အဖွဲ့ဝင်နိုင်ငံများအကြား

> **အာဆီယံနိုင်ငံများနဲ့ မြန်မာ့အိမ်နီးချင်း နိုင်ငံများကတော့ အနောက်ဥရောပ ဒီမိုကရေစီစံနဲ့ မတိုင်းဘူး၊ အာရှစံနဲ့ တိုင်းပါတယ်။ ပုဂ္ဂိုလ်စွဲနဲ့ မတိုင်းဘူး၊ မြန်မာ့လူ့အဖွဲ့ အစည်းရဲ့ အခြေအနေနဲ့ တိုင်းပါတယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံ ဒီမိုကရေစီ ထူထောင် ကူးပြောင်းရေးအပေါ် အပြုသဘော ကြိုဆိုထောက်ခံကြပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံဟာ မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး အလုပ်စခန်းကို တက်လှမ်းနေပြီ ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်စတင်ကျင်းပပြီး အပိုင်းတစ်ပိုင်းတောင် အောင်မြင်စွာ ပြီးစီးနေပြီဖြစ်ပါတယ်။**

လာအိုသမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံကလည်း မိမိတို့ နှစ်နိုင်ငံသည် ညီအစ်ကိုနိုင်ငံများကဲ့သို့ပင် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိကြပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှုရှိကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရာ၌ ထိပ်ဆုံးအကြီးအကဲအဆင့်မှ အောက်ခြေအဆင့်အထိ ရင်းနှီးမှုရှိပြီး အပြန်အလှန် နားလည်မှုများလည်း ရှိပြီးဖြစ်ရာ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်း လက်တွဲဆောင်ရွက်ရေးသည် တိုးတက်ရန်သာရှိကြောင်း ပြောကြားခဲ့ပါတယ်။

လာအိုဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်ကလည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်၍ ဝမ်းသာပါကြောင်း ပြောကြားခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံ ခေါင်းဆောင်ကြီးများနဲ့ တွေ့ဆုံရာတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် သမိုင်းကြောင်းအရဖြစ်စေ၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ရာ ဘာသာအရဖြစ်စေ တူညီမှုရှိကြသည့် နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကို နားလည်မှုရှိစွာ ထောက်ခံအားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံအဖွဲ့ သွေးစည်းညီညွတ်ရေးနှင့် ခိုင်မာတောင့်တင်းရေး ဆက်လက် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ၊ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်ကလည်း နှစ်နိုင်ငံ အကျိုးတူကိစ္စများ၊ ဒေသအတွင်း အကျိုးတူကိစ္စများကို လက်တွဲပူးပေါင်းဆောင်ရွက်သွားရင်း မိမိတို့နိုင်ငံများ၏ သာယာဝပြောရေးကို ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်ကလည်း အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်း ခွဲခြားမှုမရှိ၊ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူ ပါဝင်နိုင်ရေး မိမိတို့ အနိုင်အမာ ရပ်တည်ကြောင်း ပြောကြားသွားခဲ့ပါတယ်။ ဒါတွေဟာ အာဆီယံနိုင်ငံချင်း သွေးစည်းခိုင်မာမှုကို ဖော်ပြနေတဲ့ ဆက်ဆံရေးများဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိုသာမက အာဆီယံနိုင်ငံများအရေးကိုပါ သွေးခွဲအကျပ်ကိုင် ဩဇာပေးနေတဲ့ ဥရောပသမဂ္ဂ EU အဖွဲ့ဝင်နိုင်ငံတွေဟာ သူတို့ ဥရောပသမဂ္ဂ EU အဖွဲ့ဝင်နိုင်ငံချင်း သွေးစည်းညီညွတ်ရေး၊ အဖွဲ့ဝင်အုပ်စု ဩဇာအာဏာချဲ့ထွင်ရေး၊ အင်အားကြီးအုပ်စုအဖြစ် ကမ္ဘာကြီးကို ခြယ်လှယ်နိုင်ရေးအတွက် ကြိုးပမ်းနေမှုတွေကို အခုလို တွေ့နေရပါတယ်။

သံသယစိတ်များ၊ မလိုမုန်းထားစိတ်များကို ပယ်ဖျောက်ရင်း၊ ဆန့်ကျင်ဘက် အကျိုးစီးပွားများအကြား ညှိနှိုင်းရင်း ခက်ခဲကြမ်းတမ်းသော ခရီးလမ်းကို နှစ်ပေါင်းများစွာ လျှောက်လှမ်းခဲ့ရခြင်းသာ ဖြစ်ပါတယ်။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ဥရောပနိုင်ငံကြီးများအကြား ချုပ်ဆိုခဲ့သော သဘောတူစာချုပ်များဟာ EU အဖွဲ့ကြီး စတင်ပေါ်ပေါက်လာစေရန် အကြောင်းရင်းခံဖြစ်ခဲ့တယ်။ ၁၉၅၁ ခုနှစ်တွင် ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပြင်သစ်၊ အီတလီ၊ အနောက်ဂျာမနီ၊ လူဇင်ဘတ်နိုင်ငံ ခြောက်နိုင်ငံတို့ ပူးပေါင်းပြီး ဥရောပကျောက်မီးသွေးနဲ့ သံမဏိဘုံဈေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့တယ်။ ဒီနောက် ခြောက်နှစ်အကြာတွင် ဥရောပဘုံဈေးအဖွဲ့ဆိုပြီး တိုးချဲ့ဖွဲ့စည်းလာတယ်။ စတင်ထူထောင်စကာလတွင် အမေရိကန်နိုင်ငံနဲ့ ရင်းနှီးစွာဆက်ဆံလိုသော ဥရောပနိုင်ငံများနဲ့ အမေရိကန်ရဲ့ ဩဇာအာဏာစက်က ရုန်းထွက်ပြီး တသီးတသန့် ဥရောပနိုင်ငံ ထူထောင်လိုသော နိုင်ငံများအကြား ပဋိပက္ခများ အစဉ်တစိုက် ကြုံတွေ့လာခဲ့ရတယ်။ ၁၉၇၃ ခုနှစ်သို့ ရောက်သောအခါမှ ဗြိတိန်နဲ့ အိုင်ယာလန်နိုင်ငံတို့ကို အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုခဲ့တယ်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ရေနံနဲ့ လောင်စာဆီ အကျပ်အတည်းများ၊ ဘတ်ဂျက်အကျပ်အတည်းများကို အတူတကွ ရင်ဆိုင်ကျော်လွှားရင်း EU နိုင်ငံများအကြား ပိုမိုစည်းလုံးမှု ရရှိလာခဲ့တယ်။ ၁၉၇၅ ခုနှစ်တွင် ဥရောပရဲ့ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အဖြစ် ဥရောပကောင်စီကို ဖွဲ့စည်းထူထောင်ခဲ့တယ်။ အလားတူ ၁၉၇၉ ခုနှစ်တွင် ဥရောပပါလီမန်ရွေးကောက်ပွဲကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့ပြီး တစ်ခုတည်းသော ဥရောပငွေကြေးစနစ်ကျင့်သုံးဖို့ စတင်ခြေလှမ်းပြင်နိုင်ခဲ့တယ်။ ၁၉၈၃ ခုနှစ်တွင် အနောက်ဥရောပနိုင်ငံကြီး နှစ်နိုင်ငံဖြစ်တဲ့ စပိန်နဲ့ ပေါ်တူဂီတို့ကို EU အဖွဲ့သို့ ဝင်ခွင့်ပြုလိုက်ပြီးနောက် အနောက်ဥရောပ ငွေကြေးစနစ်နဲ့ ဥရောပရဲ့ တစ်ခုတည်းသော ဈေးကွက်ဖြစ်ရေးအတွက် စီမံကိန်းစတင်ချမှတ်လာတယ်။ ဒီစီမံကိန်းကြောင့် ၁၉၉၃ ခုနှစ်တွင် EU အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်ဝန်ဆောင်မှု ငွေပင်ငွေရင်းနဲ့ ခရီးသွားလုပ်ငန်းများ လွတ်လပ်စွာ ကူးသန်းခွင့် ရရှိလာတယ်။ ဒါကြောင့် EU ရဲ့ ရည်မှန်းချက်ဟာ စီးပွားရေးအရသာမက နိုင်ငံခြားရေးနဲ့ လုံခြုံရေးအပါအဝင် တစည်းတလုံးတည်းသော ဥရောပဖြစ်ရေးကို ဦးတည်လာခဲ့တယ်။

အခုလို ကမ္ဘာ့အရေးအရာကိစ္စများတွင် EU ရဲ့ အရှိန်အဝါဩဇာကို တိုးမြှင့်နေချိန်မျိုးမှာ ပြင်ပသွေးခွဲမှုကို သတိပြုပြီး အာဆီယံနိုင်ငံများ သွေးစည်းခိုင်မာရေးဟာ မဖြစ်မနေ လိုအပ်ပါတယ်။ ဒါ့အပြင် အာရှနိုင်ငံချင်း သွေးစည်းခိုင်မာရေးကိုပါ ကြိုးပမ်းသွားဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

လမ်း(၅၀)ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် (၅)ရပ်ကွက် လမ်း(၅၀) (အောက်လမ်းသွယ်)ဓမ္မာရုံ၌ မိုးကုတ်ဝိပဿနာ တရားပွဲကျင်းပမည်ဖြစ်သည်။

ယင်း မိုးကုတ်ဝိပဿနာ တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဓမ္မကထိက ဘဒ္ဒန္တ မာလာစာရ (ဓမ္မာစရိယ) အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဝါခေါင်လပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၅ ရက် (ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၅ ရက်)ထိ ဟောကြားပြသမည်ဖြစ်ရာ တရားနာယူလိုသူ ယောဂီများ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၈။ **အဆေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Keynesion Policy Applied to the Economy **(ပြည်သူ့ရေးရာ)**
- ၅:၃၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၂၉)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား" (ဒုတိယတွဲ) (အပိုင်း-၉)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းအလိုက် ကျေးလက်ကျန်းမာရေးဌာနများ၊ ဌာနခွဲများ တိုးမြှင့်ဖွင့်လှစ်ပေးနေသကဲ့သို့ ဆေးရုံကြီးများကိုလည်း တိုးချဲ့တည်ထောင်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ပုံတွင် အထက်မြန်မာပြည်မြို့တော် မန္တလေးရှိ မန္တလေးမြို့တော်ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့် တိုင်းအလိုက် ကျေးလက်ကျန်းမာရေးဌာနများ၊ ဆေးရုံကြီးများ တိုးမြှင့်ဖွင့်လှစ်ပေးနေ ဘီပိုးကာကွယ်ဆေးထုတ်လုပ်မှု နောင်နှစ်နှစ်ခန့်တွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် လုံလောက်စွာထွက်ရှိမည် ကျောက်ကပ်၊ နှလုံး၊ အသည်း၊ ဦးနှောက်ခွဲစိတ်ကုသခြင်းများ လွန်ခဲ့သောသုံးလေးနှစ်ကပင် အောင်မြင်စွာဆောင်ရွက်နိုင်

ရန်ကုန်   ဩဂုတ်   ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် တောင်ပေါ်မြေပြန့်၊ ကျေးလက်နှင့် နယ်စပ်အစွန်အဖျားဒေသများအထိ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့် တိုင်းအလိုက် ကျေးလက်ကျန်းမာရေး ဌာနများ၊ ဌာနခွဲများကို တိုးမြှင့်ဖွင့်လှစ် ပေးနေသကဲ့သို့ ဆေးရုံကြီးများကို လည်း တိုးချဲ့တည်ထောင်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို ဒေသ လိုအပ်ချက်အလိုက် ဖြည့်ဆည်းဆောင် ရွက်ပေးနေသည်။

ရောဂါကာကွယ်ရေးအတွက် ပိုလီယို၊ ဝက်သက်၊ ဘီစီဂျီ၊ မေးခိုင်ရောဂါ စသည့် ရောဂါကာကွယ်ဆေးများကို နိုင်ငံတကာနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တို့ထံမှ ညှိနှိုင်းရရှိနေပြီး ဘီပိုးဟု ခေါ်သည့် အသည်းရောင် အသားဝါ ရောဂါကာကွယ်ဆေးများကို WHO/ GAVI တို့က အထောက်အကူပေးနေ သော်လည်း တစ်ပြည်လုံးအတိုင်း အတာဖြင့် လုံလောက်မှုရှိစေရန် အတွက် လွန်ခဲ့သော ၁၀နှစ်ခန့်ကပင် ဆေးသုတေသနဦးစီးဌာနက ဘီပိုး ကာကွယ်ဆေး ထုတ်လုပ်ပေးခဲ့သည်။

ဘီပိုးကာကွယ်ဆေး

ထို့အပြင် ရန်ကုန်မြို့အနီး ရွာသာကြီးတွင် ဘီပိုးကာကွယ်ဆေးထုတ်လုပ်သည့်စက်ရုံကို တည်ဆောက်ဖွင့်လှစ် ပေးခဲ့ရာ ကာကွယ်ဆေးစတင်ထုတ် လုပ်နေပြီဖြစ်၍ နောင်နှစ်နှစ်ခန့်၌ တစ်ပြည်လုံးအတိုင်းအတာဖြင့်ကာကွယ် ဆေးများလုံလောက်အောင် ထွက်ရှိလာ တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ကုသရေး၊ ပြည်သူ့ ကျန်းမာရေး၊ ရောဂါနှိမ်နင်းကာကွယ် ရေးစသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရာတွင် ကျွမ်းကျင် တတ်မြောက်သည့် ဆေးပညာရှင် အဆင့်ဆင့်အလုံအလောက်ရှိနေစေရေး အတွက်လည်း မျိုးဆက်သစ် ပညာရှင် များနှင့် ဝန်ထမ်းများ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရန် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေး တက္ကသိုလ်အပါအဝင် တက္ကသိုလ်၁၄ခု၊ အခြားကျောင်း သင်တန်းသုံးခုနှင့် တိုင်းနှင့်ခရိုင်များတွင်လည်း သီးခြား သင်တန်းများ ဖွင့်လှစ်ပေးထားပြီး ဖြစ်သည်။ ကျန်းမာရေးပညာဆိုင်ရာ အခြေခံဘွဲ့များအပြင် ဘွဲ့လွန်ဒီပလိုမာ သင်တန်း၊ Master သင်တန်းများမှ အစပြုပြီး Ph. D., Doctorate ပါရဂူ သင်တန်းများကိုလည်း ဘာသာရပ် စုံလင်စွာ သင်တန်းပေးလျက်ရှိသည်။

၎င်းအပြင် အဆင့်မြင့် ဘွဲ့လွန် သင်တန်းများ တက်ရောက်သင်ယူရန် နိုင်ငံရပ်ခြားတက္ကသိုလ်များသို့ ဘွဲ့လွန် သင်တန်းသား ပညာတော်သင် အမြောက်အမြား နှစ်စဉ် စေလွှတ်လျက် ရှိသည်။ ဘွဲ့လွန်သင်တန်းများ မဟုတ် သော်လည်း အထူးခွဲစိတ်ပညာ၊ ဆေးပညာ၊ ဓာတ်ခွဲ၊ ပြည်သူ့ကျန်းမာရေး စသည့် လုပ်ငန်းအသီးသီးတွင် လက်တွေ့ သင်ကြားလေ့ကျင့်နိုင်ရန် အတွက်လည်း နိုင်ငံခြားပညာတော်သင် အများအပြားကို စေလွှတ်ပြီး ပြုစု ပျိုးထောင်မြေတောင်မြှောက်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံတွင် ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသခြင်း၊ နှလုံး သွေးကြောကျဉ်းရောဂါနှင့် သွေးကြော ရောဂါများ ခွဲစိတ်ကုသခြင်း၊ အသည်း ရောဂါ ခွဲစိတ်ကုသခြင်း၊ အသည်းကျွမ်း ရောဂါနှင့် ဘီပိုးရောဂါကုသခြင်း၊ ဦးနှောက် ခွဲစိတ်ကုသခြင်းတို့ကို လွန်ခဲ့သော သုံးလေးနှစ်ကပင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

Conjoint Twin ခေါ်သည့် ခန္ဓာကိုယ် ပူးတွဲအမြွှာခွဲစိတ်ကုသခြင်း ကိုလည်း ၁၉၆၀ပြည့်နှစ်က စတင် ပြုလုပ်နိုင်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင် မန္တလေး၌ ခါးတင်ပါးဆုံအထိ ပူးတွဲနေသော အမြွှာညီအစ်မ မိုးမမအောင်နှင့် မိုးပပ အောင်တို့ကို အောင်မြင်စွာ ခွဲစိတ်ကုသ ပေးနိုင်ခဲ့သည်။

(သတင်းစဉ်)

မျိုးဆက်သစ် ဆေးပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် နိုင်ငံတော်က ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ် အပါအဝင် တက္ကသိုလ် ၁၄ခု ဖွင့်လှစ်ခဲ့ရာ မကွေးတိုင်းမှ ဆေးတက္ကသိုလ်(မကွေး) သည်လည်းတစ်ခုအပါအဝင်ဖြစ်သည်။ (ဓာတ်ပုံ-ကြေးမုံ)



☆ နိုင်ငံတော်မှ

နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့သည် အဖွဲ့အနေဖြင့်လည်းကောင်း၊ အဖွဲ့ဝင် တစ်ဦးချင်းစီအနေဖြင့်လည်းကောင်း ပါဝင်ပူးပေါင်းဆောင်ရွက်နေသည်။ အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ်စီမံကိန်း (ကျန်းမာရေးကဏ္ဍ)၊ ပြည်သူ့ကျန်းမာရေးသင်ကြားရေး၊ ပုဂ္ဂလိကဆေးခန်းများ စနစ်တကျ သတ်မှတ်ခြင်း၊ ဆေးဝါးများတင်သွင်းခြင်းနှင့် စံချိန်သတ်မှတ်ခြင်း၊ ဆေးရွက်ကြီးထိန်းချုပ်ရေး ဥပဒေရေးဆွဲခြင်း၊ SARS ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး၊ Poison Control Centre နှင့် သွေးဇီဒကိစ္စများ စသည့် လုပ်ငန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် WHO စသော အဖွဲ့အစည်းများ ပူးပေါင်း၍ နှီးနှောဖလှယ်ပွဲများ ကျင်းပရာတွင်လည်း ဆေးပညာရှင်အဖွဲ့အနေဖြင့် ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၀၄ ခုနှစ် နှစ်ဝက် စုံညီအစည်းအဝေးကို ဩဂုတ် ၂၅ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နှစ်ဝက်စုံညီအစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ ပါမောက္ခ ဒေါက်တာသိန်းဆွေက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ(၁)ပါမောက္ခ ဒေါက်တာကိုလေးနှင့် ဒုတိယဥက္ကဋ္ဌ(၂) ပါမောက္ခ ဒေါက်တာသာလှရွှေတို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဝင်များက အမှုဆောင် အဖွဲ့၏အစီရင်ခံစာအပေါ် အကြံပြုမေးမြန်းဆွေးနွေးကြရာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ပါမောက္ခဒေါက်တာမောင်မောင်ဝင့်က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ထို့နောက် မြို့နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဟောပြောဆွေးနွေးပွဲကိုကျင်းပရာ ဦးအောင်ကြိုင်က မြို့နယ်အဆင့်ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအကြောင်းကို လည်းကောင်း၊ ဒေါက်တာနီလာတင်နှင့် ဒေါက်တာဝင်းမြင့်တို့က မြန်မာနိုင်ငံ၏ မြို့နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အကြောင်းကိုလည်းကောင်း၊ ဒေါက်တာခင်စောနိုင်က မြို့နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ အကြောင်းကိုလည်းကောင်း၊ ဒေါက်တာဒေါ်ရီမာဟိန်းက မြို့နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံမှ ဆေးပညာရှင်များ ပထမဆုံးအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်
ခွဲစိတ်ကုသမှုအချိန် ၁၃နာရီခွဲ ကြာမြင့်ခဲ့ပြီး ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်တိုးတက် လှုပ်

✧ မြန်မာနိုင်ငံမှ

အဆိုပါအသည်းအစားထိုး ခွဲစိတ်ကုသ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာ မြဦးနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် အထူးကုဆရာဝန်ကြီးများနှင့်ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကား ပြောကြားပြီး အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ပြန်လည် ထွက်ခွာသွားသည်။

အရှေ့တောင်အာရှဒေသတွင်မြန်မာနိုင်ငံမှ ဆေးပညာရှင်များအနေဖြင့် ပထမဆုံးအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုအောင်မြင်ခဲ့ခြင်းဖြစ်ရာ နိုင်ငံတော်က ဂုဏ်ပြုမှတ်တမ်းတင်သည့်နည်းတူ နိုင်ငံနှင့်လူမျိုးအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ဖွယ် သတင်းကောင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ခံယူသူမှာ လှိုင်သာယာမြို့နယ် (၁၁) ရပ်ကွက် အမှတ်(၆၂) ရွှေဟင်္သာလမ်းနေ အသည်းခြောက်ဝေဒနာရှင် ကိုခင်ဇော်ထက် (၃၅)နှစ်ဖြစ်ပြီး အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသည်းအလှူရှင်မှာ မအေးမွန်(၃၉)နှစ် ဖြစ်သည်။

စတင်ခွဲစိတ်

ဩဂုတ်၂၅ရက်တွင် အသည်းအလှူရှင် မအေးမွန်ထံမှ အသည်းကို ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာသန့်ဇင် ဦးဆောင်သောအဖွဲ့က နံနက် ၇နာရီခွဲ၌ စတင်ခွဲစိတ်ထုတ်ယူခဲ့ရာ နံနက် ၁၁နာရီ၄၅မိနစ်တွင် အောင်မြင်စွာ ထုတ်ယူရရှိခဲ့သည်။

ယင်းသို့ အသည်းအလှူရှင်ထံမှ အသည်းကိုခွဲစိတ်ထုတ်ယူနေချိန်တွင် အချိန်နှင့်တစ်ပြေးညီ နံနက် ၁၀နာရီ ၁၅မိနစ်၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ နော်မန်လှ ဦးဆောင်၍ အသည်းခြောက်ဝေဒနာရှင်ကိုခင်ဇော်ထက်ထံမှ ခြောက်နေသော အသည်းကို စတင်ခွဲစိတ်ဖယ်ရှားခဲ့ပြီး ည၇နာရီခွဲတွင် အလှူရှင်၏ အသည်းဖြင့် အစားထိုးကုသပေးခဲ့ရာ ည၁၁နာရီ၄၅မိနစ်တွင် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

ခွဲစိတ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှက သတင်းအဖွဲ့ကို ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင်စွာ ခံယူရရှိခဲ့သော ကိုခင်ဇော်ထက်က သတင်းအဖွဲ့ကို လက်ပြနှုတ်ဆက်စဉ်။

(သတင်းစဉ်)

လှုပ်ရှားနိုင်

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် ခွဲစိတ်ကုသမှုအချိန် ၁၃နာရီခွဲကြာမြင့်ခဲ့ပြီး ကုသမှုခံယူသူ ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန် တိုးတက်လျက် လှုပ်ရှားနိုင်နေပြီ ဖြစ်သည်။ ဆရာဝန်ကြီးများနှင့် သူနာပြုများကလည်း ကိုခင်ဇော်ထက်အား စဉ်ဆက်မပြတ် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ရာတွင် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်သော ပါမောက္ခများ၊ ကထိကများ၊ သမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုအုပ်နှင့် သူနာပြုများက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ အောင်မြင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်ချက်များကိုသွားရောက် ဖြည့်ဆည်းပေးခဲ့ပြီး ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၏ စီမံညွှန်ကြားမှု၊ ညွှန်ကြားရေးမှူး(ဓာတ်ခွဲ) ဒေါက်တာတင်ညွန့်နှင့် ညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာတင်မင်း တို့၏ အနီးကပ်ပံ့ပိုးမှု၊ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်တို့၏ စီစဉ်ဆောင်ရွက်မှု၊ တာဝန်ရှိသူများ၏ ဝိုင်းဝန်းကူညီမှုများကြောင့် ယခုကဲ့သို့ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ နံနက် ၉နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုး၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းအောင်တို့ လိုက်ပါလျက် အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ သွားရောက်ပြီး အသည်း အစားထိုး ခွဲစိတ်ကုသမှု ခံယူခဲ့သူ ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစစ်ဆေးအားပေးသည်။

လိုအပ်ချက်များဖြည့်ဆည်း

ဝန်ကြီးနှင့်အဖွဲ့သည်အထူးကြပ်မတ်ကုသခန်း၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေသည့် ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခများက ရှင်းလင်း ပြသကြသည်။ အသည်းအစားထိုးခွဲစိတ်ကုသမှု ခံယူထားသူ ကိုခင်ဇော်ထက်၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိသည်။ ဝန်ကြီးက ကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့သည်။

ကြည့်ရှုအားပေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၂၅ ရက်ညနေပိုင်းက အထွေထွေရောဂါကု ဆေးရုံသစ်ကြီး (ရန်ကုန်)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသ အောင်မြင်မှုကို ဝမ်းမြောက်ဝမ်းသာစွာ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အထွေထွေရောဂါကုဆေးရုံသစ်ကြီးရှေ့၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့သည့် ပါမောက္ခဒေါက်တာနော်မန်လှ ဦးဆောင်သော ခွဲစိတ်ကုသမှုအဖွဲ့၊ ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသည့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် လည်းကောင်း၊ ခွဲစိတ်ခန်းမရှေ့၌ ခွဲစိတ်ခန်း တာဝန်ကျ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့်လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ဩဂုတ် ၂၅ရက်က အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှ ဦးဆောင်သော ခွဲစိတ်အထူးကုဆရာဝန်ကြီးများက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ကိုခင်ဇော်ထက်၏ ဇနီး ဒေါ်တင်တင်မြင့်က နိုင်ငံတော်၏ အစစအရာရာ စီမံပံ့ပိုး ကူညီမှုနှင့် ဆရာဝန်ကြီးများ၏ခွဲစိတ်ကုသပေးမှုအတွက် အထူး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား

❋ သဘာဝအလင်းရောင်ကို
❋ သဘာဝအလင်းရောင် မလ
လိုအပ်သော လျှပ်စစ်ဓာဝ
❋ ကုန်ထုတ်လုပ်ငန်းများနှင့် ဝ
လည်း လိုအပ်သည့် အနည်
❋ ဓာတ်အားအလေအလွင့်နှ
ခြင်းဖြင့်မိမိနှင့်အများအတွ

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာ
၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အ
မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲ
ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆေ

...ိုးခွဲစိတ်ကုသမှု အောင်မြင်ခဲ့ခြင်းဖြစ် ...ကောင်းမွန်တိုးတက် လှုပ်ရှားနိုင်ပြီဖြစ်

မှတ်တမ်းတင်ဓာတ်ပုံ

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ နော်မန်လှ ဦးဆောင်သောအဖွဲ့ဝင်များနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အသည်းအစားထိုး ခွဲစိတ်ကုသမှုမှာ ဆေးပညာရှုထောင့်အရ သိမ်မွေ့ ခက်ခဲနက်နဲပြီး ကုန်ကျစရိတ်ကြီးမား

❒ **အသည်းအစားထိုးမှ**

အထောက်အကူပြုပစ္စည်းများကို ဝယ်ယူဖြည့်တင်းခြင်းများ ကနဦးဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ၂၀၀၃ ခုနှစ် မေလ ၁၃ရက်တွင် ကျန်းမာရေး ဝန်ကြီးဌာနက အသည်းအစားထိုး ခွဲစိတ် ကုသမှုဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းပြီး ဆပ်ကော်မတီများအလိုက် ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်ခဲ့သည်။

ဩဂုတ် ၂၅ရက်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်ရာတွင် အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဆောင်ရွက်ခဲ့သည်။

အသည်းအလှူရှင်ထံမှ အသည်းခွဲစိတ်ထုတ်ယူမှုတွင် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာဦးသန့်ဇင်၊ ပထမလက်ထောက်ဆရာဝန် ဒေါက်တာဦးစောမားဒိုသိန်း၊ ဒုတိယလက်ထောက်ဆရာဝန် ဒေါက်တာဦးညီညီဆွေနှင့် လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်အေးမြမြဇော်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အသည်းဝေဒနာရှင်အား အသည်းအစားထိုး ခွဲစိတ်ကုသပေးမှုကိုပါမောက္ခဒေါက်တာဦးနော်မန်လှက ဦးဆောင်၍တွဲဖက်ပါမောက္ခဒေါက်တာဦးဝင်းမောင်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်၊ လက်ထောက်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးမောင်မောင်စိုးတို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သူ ကိုခင်ဇော်ထက်မှာ ခွဲစိတ်ကုသမှုအပြီး ၁၂ နာရီအတွင်းမှာပင် စကားပြောဆိုနိုင်သည်အထိ ကျန်းမာရေး တိုးတက်ကောင်းမွန်လျက်ရှိသည်။

ကိုခင်ဇော်ထက်သည် အသည်းခြောက်၊ အသည်းကြွပ်ရောဂါကြောင့် ဗိုက်ဖောင်း၍ သွေးငါးကြိမ်အန်သည်အထိ ရောဂါပြင်းထန်ခဲ့ပြီး ခြောက်လမှ တစ်နှစ်အတွင်း အသက်အန္တရာယ်ရှိခဲ့ကြောင်း သိရသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုမှာ ဆေးပညာရှင်တို့အတွက် ဆေးပညာရှုထောင့်အရ သိမ်မွေ့ ခက်ခဲနက်နဲလှသည့်အပြင် ကုန်ကျစရိတ်မှာလည်း ကြီးမားလှသည်။အနောက်နိုင်ငံများတွင် အသည်းအစားထိုးခွဲစိတ်ကုသမှု စရိတ်မှာ ဒေါ်လာတစ်သိန်းမှ ခုနစ်သောင်းခွဲအထိ ရှိသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်စေရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ရွက်ပေးခဲ့သည့် ပါမောက္ခဒေါက်တာ နော်မန်လှ ဦးဆောင်သော ခွဲစိတ်ကုသမှုအဖွဲ့၊ ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသည့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် လည်းကောင်း၊ ခွဲစိတ်ခန်းမရှေ့၌ ခွဲစိတ်ခန်း တာဝန်ကျ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့်လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် ခွဲစိတ်ခန်းတာဝန်ကျ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၈။ ထပ်ဆင့်အောင်ပွဲ ဇရာဝတီတံတား(ဒေးဒရဲ)
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ အတီးပြိုင်ပွဲ
- ၅:၃၅ ၈။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၅:၄၅ ၉။ **"တစ်ဘဝစာ" (သတ္တိ၊မေသဥ္ဇာဦး၊ချောချစ်) (ဒါရိုက်တာ -ရိုးရိုး)**
- ၆:၀၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဓာတ်လမ်းတွဲ လူချွန်လူကောင်း(အပိုင်း-၆)**
- ၇:၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
- ၇:၄၅ ၁၆။ အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအကြောင်း သိကောင်းစရာများ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာရုပ်ရှင် "ဆန်ရေ"(အပိုင်း-၂) (ညွန့်ဝင်း၊လွင်မိုး၊မြင့်မြင့်ခိုင်၊ စမ်းစမ်းအေး၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၄ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ကြေညာထားသည်။ ပထမအသုတ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသားများအတွက် အတန်းတင် စာမေးပွဲကို ၁-၁၀-၂၀၀၄ရက်မှ ၈-၁၀-၂၀၀၄ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ဒုတိယအသုတ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် ဥပဒေအထူးပြု၊ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံး ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို ၁၁-၁၀-၂၀၀၄ ရက်မှ ၂၀-၁၀-၂၀၀၄ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့ အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်မည် ဖြစ်သည်။

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် ဥပဒေအထူးပြု၊ ပထမနှစ်၊ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၂၅-၁၀-၂၀၀၄ရက်မှ ၂-၁၁-၂၀၀၄ရက်ထိ ပြုလုပ်မည်ဖြစ်သည်။

တတိယအသုတ်ပထမနှစ်၊ဒုတိယနှစ်နှင့်တတိယနှစ် စီးပွားရေး အထူးပြုအားလုံး ကျောင်းသားများအတွက် အနီးကပ် ပို့ချသင်တန်းများကို ၄-၁၁-၂၀၀၄ရက်မှ ၁၃-၁၁-၂၀၀၄ ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်မည်ဖြစ်သည်။

ပထမနှစ်၊ ဒုတိယနှစ်နှင့်တတိယနှစ် စီးပွားရေးအထူးပြု အားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၁၇-၁၁-၂၀၀၄ရက်မှ ၂၄-၁၁-၂၀၀၄ရက်ထိ ပြုလုပ်မည်ဖြစ်သည်။

အနီးကပ်သင်တန်း

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေးအထူးပြုများအတွက် စီးပွားရေးဘာသာရပ်မှလွဲ၍ ကျန်အထောက်အကူပြုဘာသာရပ်များအတွက် အနီးကပ်သင်တန်းပို့ချမည်။ တတိယနှစ် စီးပွားရေး အထူးပြုများအတွက် (စီးပွားရေး ဘာသာရပ်များ အပါအဝင်) ဘာသာရပ်များအားလုံးအတွက် အနီးကပ်သင်တန်း ပို့ချမည်။

ထုတ်ပြန်ကြေညာမည်

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေးနှင့် ပေါင်းစပ်ဘာသာရပ်အထူးပြုကျောင်းသားများအတွက် စီးပွားရေးဘာသာရပ်များကို အီလက်ထရွန်းနစ်သင်ယူမှုဌာန (e-Education Learning Centre) များ၌ လေ့လာနိုင်ရန် စီစဉ်ထားပြီးဖြစ်သဖြင့် အနီးကပ်သင်တန်းများတွင် ထပ်မံပို့ချမည်မဟုတ်ကြောင်းနှင့် အသေးစိတ်အချိန်ဇယားကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်နှင့် ၎င်းတို့၏ဌာနခွဲများ၌ ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
- ဓာတ်အားအလေအလွင့်နှင့် ဖြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့်မိမိနှင့်အများအတွက်ပါအကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

စက်သုံးဆီ ခြိုးခြံ ချွေတာရေး

- ▲ ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ခြိုးခြံချွေတာလျှင်နိုင်ငံခြားငွေတစ်ဒေါ်လာသက်သာမည်။
- ▲ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂ စီးရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ ဒသမ ၅ သန်း သက်သာမည်။
- ▲ ထိုငွေဖြင့်ဧရာဝတီမြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်နိုင်ပါသည်။

❍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အမျိုးသား လူနာဆောင်၊ ခွဲစိတ်ခွဲခန်း၊ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် အမျိုးသမီးလူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား တွေ့ဆုံမေးမြန်း၍ လိုအပ်သည်များကို မှာကြားသည်။ဆက်လက်၍ကိုယ့်အားကိုယ်ကိုး ခွဲစိတ်မှန်ဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နံနက်၁၁နာရီတွင် မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှုစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူတို့က သင်ကြားမှု သင်ယူမှုအထောက်အကူပြုစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် မင်းတုန်းမြို့ မင်းတုန်းခန်းမ၌ မင်းတုန်းမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှုအထောက်အကူပြုစာသင်ခန်းများအတွက် ကွန်ပျူတာတစ်စုံနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် မင်းတုန်းမြို့သည် ပုသိမ်-မုံရွာလမ်း အတွင်းဘက်တွင် တည်ရှိသဖြင့် ဆက်သွယ်သွားလာမှုနည်းပါးကြောင်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရန် မြို့အဝင်လမ်းကို ယခုထက်ကောင်းမွန်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်သွယ်မှုကောင်းမွန်မှ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး တိုးတက်ဖြစ်ထွန်းမှသာ ယင်းထွက်ကုန်များကို အခြေခံ၍ ကုန်စည် ရောင်းဝယ်ဖောက်ကားမှုများပြားလာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မွေးမြူရေး ကဏ္ဍသာမက ငါးမွေးမြူရေး လုပ်ငန်းကိုပါ ပူးတွဲလုပ်ကိုင်သွားရမည်ဖြစ်ကြောင်း။

လူမှုရေးအသင်းအဖွဲ့များအနေဖြင့်လည်း ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက ပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် လမ်းတစ်လျှောက် လမ်းတံတား အခြေအနေများနှင့် မိုးစပါးနှင့် သီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် စစ်ဆေးကြည့်ရှု ထွက်ခွာလာရာ ပုသိမ်-မုံရွာလမ်းမိုင်တိုင် ၂၅မိုင် အရောက်တွင် ကံမမြို့ လမ်းခွဲသို့ ရောက်ရှိပြီး လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ပုသိမ်-မုံရွာလမ်းမှတစ်ဆင့် ကံမမြို့အဝင်လမ်းအတိုင်း ဆက်လက်ထွက်ခွာပြီး ကံမမြို့နှင့် ပြည်မြို့နဝဒေးတံတားအနီးသို့ ဆက်သွယ် ဖောက်လုပ်ထားသော ၂၆မိုင် အရှည်ရှိ ကံမ-ပြည်လမ်းခွဲ မြေသားလမ်းကို စစ်ဆေးကာ လမ်းအဆင့်မြှင့်တင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကံမမြို့ ပြည်သူ့ဆေးရုံသို့ ညနေပိုင်းတွင် ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် ဆရာဝန်၊ သူနာပြုဆရာမများက ကြိုဆိုကြပြီး ပြင်ပလူနာဌာန၊ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခွဲခန်းနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည် ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကိုယ့်အားကိုယ်ကိုးခွဲစိတ်မှန်ခန်း၊ သားဖွားခန်း၊ သားဖွားနှင့် မီးယပ်ဆောင်၊ အမျိုးသမီးလူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်၏ ပံ့ပိုးမှုကို ထာဝစဉ် အားကိုးမနေဘဲ အချို့လုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကံမမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးဆန်းလွင်နှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အထိမ်းအမှတ်ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး သင်ထောက်ကူ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကံမမြို့ အခြေခံပညာအထက်ကျောင်း မြဝတီခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကံမမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးဆန်းလွင်အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ကံမမြို့နယ်သည် အဓိကရေလမ်းတစ်ခုတည်းသာ အားကိုးရကြောင်း၊ အနောက်ဘက် ပုသိမ် - မုံရွာလမ်းမကြီးသို့ ၁၃မိုင်ခြောက်ဖာလုံထွက်ခွာရပြီး ၎င်းလမ်းမကြီးကို အမှီပြု၍ ပြည်သို့ ၄၄မိုင်ငါးဖာလုံထပ်မံသွားရပြီး စုစုပေါင်း ၅၈မိုင် သုံးဖာလုံသွားရကြောင်း ယခုအခါကံမမြို့မှ ပြည်သို့တိုက်ရိုက်သွားနိုင်ရန် အရှည်၂၈မိုင် လေးဖာလုံရှိ မော်တော်ကားလမ်း ဖောက်လုပ်ပေးလျက်ရှိရာ မြေကြီးလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ကြောင်း၊ဆက်လက်၍ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းလမ်းခရီးအဆုံးပြုပြင်ခြင်းဖြင့် ခရီးမိုင် ၂၉မိုင်ခုနစ်ဖာလုံ သက်သာပြီး လမ်းပေါ်ရှိ ကျေးရွာများပါ အကျိုးရှိခဲ့ကြောင်း၊ ကံမမြို့နယ်အပိုင်းမှ ကျေးရွာ ၂၄ရွာ ၎င်းလမ်းပေါ်တွင် တည်ရှိပြီး လူဦးရေ၁၅၂၃၉ဦး အသုံးပြုနိုင်မှာဖြစ်ကြောင်း၊ အလားတူကံမမြို့မှ သရက်မြို့သို့ တိုက်ရိုက်တစ်နှစ်ပတ်လုံးသွားလာနိုင်ရေးအတွက် လမ်းအဆင့်မြှင့်တင်ပေးလျက်ရှိသလို အတားအဆီးဖြစ်နေသည့် မင်းတုန်းချောင်းကိုလည်း ချောင်းကူးတံတား တည်ဆောက်ရေး စီမံလျက်ရှိကြောင်း။

နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသကဲ့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ပူးပေါင်းပြီး မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကံမ-ပြည် လမ်းသစ်မြေပုံကိုတွေ့ရစဉ်။
လမ်းဟောင်း (ကံမ-ပြကြီး-ဥသျှစ်ပင်-ပြည်) ၅၈ မိုင် သုံးဖာလုံ
လမ်းသစ် (ကံမ-ပြည်) ၂၈ မိုင် လေးဖာလုံ
လျော့နည်းခရီး ၂၃မိုင် ခုနစ် ဖာလုံ (သတင်းစဉ်)



ဩဂုတ် ၂၆ရက်က တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းမှ အဖွဲ့ဝင်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်း-ကျော) (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်း လက်နက်ကိုင် အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၄ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄) ရင်း(၂)မှ တပ်သားမြင့်လွင်သည်လည်းကောင်း၊ အေဘီအက်စ်ဒီအက်ဖ် တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၃)မှ တပ်ကြပ်ကြီးအဆင့်ရှိ နိုင်စိုး(ခေါ်)နိုင်လင်းထက်သည်လည်းကောင်း၊ မွန်ခွဲထွက် တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားအောင်ဇော်လတ်သည် အေကေ(၄၇)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်အတောင့် ၂၀တို့ဖြင့်လည်းကောင်း၊ ဒုဗိုလ်အဆင့်ရှိ ဟာဒိုသည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်အတောင့် ၄၀တို့ဖြင့်လည်းကောင်း၊ အကောက်တာဝန်ခံ မောင်ဘဏ်သည် အေကေ(၄၇) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ခုနစ်တောင့်တို့ဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄) ရင်း(၁၁)မှ တပ်သားလှသိန်းနှင့် ထွန်းပိုက်တို့သည် လက်ပစ်ဗုံးနှစ်လုံးဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေတောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ (၇၅၉)၊ ရင်း(၆၂၆)မှ တပ်သားအိုက်စိန်သည် အေကေ(၄၇) မောင်းပြန် ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်အတောင့် ၁၂၀၊ မိုင်းတစ်လုံးတို့ဖြင့် လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်းလက်နက်ကိုင်အဖွဲ့မှ စိုင်းနွံ့သည်လည်းကောင်း၊ လားဟူတောတွင်းလက်နက်ကိုင်အဖွဲ့ (အယ်လ်ဒီအက်ဖ်)မှ ဒုတိယဥက္ကဋ္ဌအဆင့်ရှိ ဦးခင်မောင်လတ်(ခေါ်)ကျဒေနှင့် ဇနီး ဒေါ်ဟဲမီ၊ အတွင်းရေးမှူးအဆင့်ရှိ ဦးယောဟန်၊ တွဲဖက် အတွင်းရေးမှူးအဆင့်ရှိ ဦးကျထော(ခေါ်) ဖေးလေနှင့် ဇနီး ဒေါ်နားမီး၊ တပ်ခွဲမှူးအဆင့်ရှိ ဦးဝင်းမောင်(ခေါ်) ယောဟန်၊ တပ်သား ဂူဂျာ၊ကျဘို၊ယားပါ၊ကျဝေ့၊ ကျဟဲ၊ ကျခီး၊ ကျကျူး၊ပါဖူး၊အဲ့နော့၊ ကျဟား၊ ကျကျစ်၊ ကျူခတ်၊ ကျူးက၊ ကျဟဲ၊ ကျဖ၊ ကျနူး၊ ကျခီး၊ ကျဘို၊ ကျလော၊ ကျရော်၊ အယ်ဝေး၊ ကျဖူး၊ ကျဖူးဒိန်၊ ပီတာလု၊ ယာဖိုနှင့် ၎င်းတို့၏မိသားစုဝင်များဖြစ်ကြသည့် အီနန်း၊ နားလော်စေး၊ နားလယ်၊ လဲအာ၊ နားဟယ်တို့သည် ခြောက်လုံးပြူး နှစ်လက်၊ ပစ္စတိုတစ်လက်၊ အမ်(၂၂) မောင်းပြန်ရိုင်ဖယ် လေးလက်၊ ကာဘိုင်တစ်လက်၊ တစ်လုံးထိုးသေနတ် သုံးလက်၊ ကျည်အိမ်မျိုးစုံလေးခု၊ ကျည်မျိုးစုံ ၂၉၀တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ မိုင်းတစ်လုံး၊ ယမ်းတောင့်တစ်တောင့် တို့ဖြင့် လည်းကောင်း အသီးသီးလက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရက်များအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ ၄၅ဦးအား သက်ဆိုင်ရာတပ်စခန်း အသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲ့ပျူငှာစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာနဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန မိသားစုက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ နာယကချုပ်ဆရာတော် အမှူးပြုသော သင်ကြားစီမံဆရာတော်များနှင့် စာသင်သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် မြန်မာ့လေကြောင်းတို့မှ လှူဒါန်းသော ဆွမ်းအလှူတော်ငွေကျပ် ၃၅၂၀၀၀ကို ဒုတိယဝန်ကြီးက သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဦးထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ လှိုင်မြို့နယ် မိခင်/ကလေး မူလတန်းကြိုကျောင်းဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် အလှူရှင်ရွှေပုစွန်မိသားစုက ဆောက်လုပ်လှူဒါန်းသော ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်စနာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်များမှလူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်နွဲ့ရီ၏ကိုယ်စား ဒေါက်တာတင့်စိုးလင်းတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသော မူလတန်းကြိုကျောင်းအတွက် ကျောင်းသုံးပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက လက်ခံသည်။

ပေးအပ်

ယင်းနောက် မူလတန်းကြိုကျောင်း အလှူရှင် ရွှေပုစွန်မိသားစုမှ ဒေါက်တာတင့်စိုးလင်း၊ ဒေါ်ပွင့်မာခိုင်တို့က ငွေကျပ် ၁၄၀၈၈၀၀၀တန်ဖိုးရှိ မူလတန်းကြိုကျောင်း အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးထံ ပေးအပ်သည်။ ဆက်လက်၍ မူလတန်းကြိုကျောင်းအတွက် အလှူရှင်များ၏ လှူဒါန်းငွေကျပ် စုစုပေါင်း ၁၉၀၄၀၀၀ ကို အလှူရှင်များကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းက ပေးအပ်လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထားထားမြင့်က လက်ခံသည်။

ကျေးဇူးတင်စကား

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ကျေးဇူးတင်စကား ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် မူလတန်းကြိုကျောင်း အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း ဖွင့်ပွဲတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်ခင်နွဲ့ရီ၏ ကိုယ်စား ဒေါက်တာတင့်စိုးလင်းတို့က မူလတန်းကြိုကျောင်းကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသောမူလတန်းကြိုကျောင်းအတွက် ကျောင်းသုံးပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဆေးပဒေသာပင်

အင်းစိန်မြို့နယ် တညင်းကုန်းအိမ်ရာ တိုက်အမှတ် (၂၃)၊ အခန်း အမှတ် (၂၀)နေ ဦးညွန့်ဦး-ဒေါ်ခင်မာအေး၊ သမီး မခိုင်ခိုင်ဌေး၊ မဝေဝေလင်း၊ သားအောင်ကောင်းမြတ်တို့က နှစ်ဖက်သောမိဘများအား အမှူးထား၍ သား မောင်အောင်ကောင်းမြတ် မွေးနေ့အတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ကျပ် ၁၀၈၀၀၀ ကို ဩဂုတ် ၁၈ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

ကမာရွတ်မြို့နယ်(၃)ရပ်ကွက် စေတနာသုခလမ်း အမှတ်(၈၆)နေ ဦးညွန့်ခင်၊ ဒေါ်မြင့်သိန်း(မြေး)မောင်ပြည့်ဖြိုးအောင်၊ မောင်ညီညီစိုး၊ မအိသူသူမြင့်တို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဩဂုတ် ၂၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ် ဩဂုတ်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၉-၈-၂၀၀၄ရက်နေ့

၂၀၀၄ခုနှစ် စက်တင်ဘာလအတွက် ၁၂-၉-၂၀၀၄ရက်နေ့

နှင့်

၂၆-၉-၂၀၀၄ ရက်နေ့

ရန်ကင်းမြို့နယ် ဘောက်ထော်ပြည်သာယာလမ်း ၂၇(က)နေ ဦးခင်မောင်၏ အသက်(၈၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေ ကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ဩဂုတ် ၂၄ ရက်က လာရောက်လှူဒါန်းရာတွဲဖက်ဘဏ္ဍာရေးမှူးဒေါ်မြင့်မြင့်ခင်ဖေ (ရွှေစီးကွက်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

စီမံကိန်းလုပ်ငန်းကြီးများ သတ်မှတ်ကာလပြီးစီးအောင် ဆောင်ရွက်
ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ ရေကြောင်းပညာ သိပ္ပံ စာသင်ဆောင်ခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် မျိုးတင်၊ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေ မန်နေဂျာများ၊ ပြည်နယ်နှင့်တိုင်းများ၏ ဒေသဆိုင်ရာ တာဝန်ခံများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး ဒေသတာဝန်ခံများက သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအလိုက် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီးတို့က စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ဆဲ လုပ်ငန်းများ ပြီးစီးမှု အခြေအနေ၊ ဝင်ငွေနှင့် အသုံးစရိတ် အခြေအနေ၊ စက်သုံးဆီရရှိသုံးစွဲမှု အခြေအနေနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်က လေဆိပ်များ၊ ရေဆိပ်များ၊ လေယာဉ်များနှင့် ရေယာဉ်များကို ကြီးကြပ်ရေးအဖွဲ့များနှင့် စစ်ဆေးရာ၌ တွေ့ရှိရသော အားနည်းချက်များကို အကြံပေး ပြုပြင်စေခြင်း၊ အဆင့်ဆင့် တင်ပြအစီရင်ခံခြင်း စသည်များကို အသေးစိတ်ရှင်းလင်း တင်ပြပြီး ပထမနေ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ဆက်လက် ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်တို့က ဌာနအကြီးအကဲများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်၊ သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ဝင်ငွေနှင့် လုပ်ငန်းလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ရေး၊ စီမံကိန်း လုပ်ငန်းကြီးများ သတ်မှတ်ကာလ အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဓမ္မရောင်ခြည် ဓမ္မဒါန

ရန်ကုန် ဩဂုတ် ၂၆

မြတ်ဗုဒ္ဓ၏ တရားတော်များကို အခြေခံမှ ဝိပဿနာတရား အားထုတ်နည်းအထိ နားလည်သိရှိလိုသူ၊ လေ့လာလိုသူများအတွက် တရားခွေနှင့် တရားစာအုပ်များကို ဓမ္မရောင်ခြည် ဓမ္မဒါန လုပ်ငန်း၏ လုပ်ငန်းခွဲ(၂၉)ကို မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ပန်းတောင်းမြို့၊ လုပ်ငန်းခွဲ (၃၀)ကို ပဋ္ဌာန်းမြတ်ဂုဏ်ဓမ္မာရုံ အလောင်းဘုရားလမ်း အမှတ် (၁)ရပ်ကွက်မရမ်းကုန်းမြို့နယ်၊ လုပ်ငန်းခွဲ(၃၁)ကို ရာဇဗိဒိယို အမှတ်(၂၃) ဝေဘာဂီလမ်း စောရန်ပိုင် အနောက်ရပ်ကွက် အလုံမြို့နယ်၊ လုပ်ငန်းခွဲ(၃၂)ကို မဟာသရဏဂုံ ဓမ္မဗိမာန် စိန်ပန်းမြိုင်လမ်း(၂၅)ရပ်ကွက် သုဝဏ္ဏမြို့တို့၌ ဖွင့်လှစ်ထားရာ မည်သူမဆိုအခမဲ့ ငှားရမ်းနိုင်ရန် ဓမ္မဒါနပြု ထားကြောင်း သိရသည်။ (က-ပ)

ဒေသနာခရီးမှ ပြန်လည်ကြွရောက်တော်မူ

ရန်ကုန် ဩဂုတ် ၂၆

အင်းစိန်မြို့နယ် မဟာစည်ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဣန္ဒက၊ ညောင်ကန်အေး သာသနာရိပ်သာ ပြည်တွင်း၊ ပြည်ပ သာသနာပြု သင်တန်းကျောင်း ကထိက အစိုးရ ဓမ္မာစရိယ (MA–ကိုလံဘို) အရှင်ပရမနှင့် ဝေယျာဝစ္စအဖွဲ့ ဘဏ္ဍာရေးမှူး ကပ္ပိယ ဦးအုန်းရွှေတို့သည် ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် မလေးရှားနိုင်ငံသို့ ဒေသနာခရီး ကြွရောက်တော်မူကြရာ မလေးရှားနိုင်ငံ ကွမ်တန်မြို့ ဝိပဿနာအသင်းတိုက်၌ ဩဂုတ် ၂ရက်မှ ၁၆ ရက်အထိ ၁၅ ရက်စခန်းတွင် လည်းကောင်း၊ ထိုရက်များအတွင်း ကွမ်တန်မြို့ ဗုဒ္ဓဘာသာ အသင်းတိုက်၊ ဒုံကွန်းမြို့ ဗုဒ္ဓဘာသာ အသင်းကျောင်းနှင့် တာဒန်ဂါနူးမြို့ ဗုဒ္ဓဘာသာ အသင်းကျောင်းတွင် လည်းကောင်း၊ မဟာစည်သတိပဋ္ဌာန်ဝိပဿနာ တရားတော်များကို ဟောကြားပြသခဲ့ကြ၍ ဩဂုတ် ၁၆ရက်မှ ၂၃ ရက်များ၌ ကွာလာလမ်ပူမြို့ ကပ်ပုန်း သမ္မာသမ္ဗောဓိကျောင်းနှင့် ပူချုန်းမြို့နယ်၊ ဘလက်ကောင်းမြို့နယ်၊ ဆာဒန်းမြို့နယ်များရှိ မြန်မာများအား လည်းကောင်း မဟာစည်သတိပဋ္ဌာန် ဝိပဿနာ တရားတော်များဟောကြား ပြသတော်မူခဲ့ကြပြီးနောက် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည် ကြွရောက်တော်မူရာ ညောင်ကန်အေး သာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းကြည်နှင့် တပည့်ရဟန်းရှင်များက ကြိုဆိုပူဇော်ကြသည်။**(က–ပ)**

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၆

မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ(၂၉၈)၏ (၄၁)ကြိမ်မြောက် တရားစခန်းကို ပဲခူးမြို့ ဥဿာမြို့သစ်ရပ်ကွက်ကြီး (၆) ဘုရင့်နောင်လမ်း၊ သီရိမင်္ဂလာဝင်္ကပါဘုရားကျောင်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။

ဖွင့်လှစ်မည်

တရားစခန်းဝင်လိုသော ယောဂီများသည် ဩဂုတ် ၃၀ ရက်(တနင်္လာနေ့) ညနေ ၄ နာရီအရောက် လာကြရမည်ဖြစ်ပြီး တရားစခန်းကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ (က–ပ)

ဘက်စုံစိုက်ပျိုးမှုစနစ် စီမံကိန်း
ကျွမ်းကျင်ပညာရှင်များအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

အာဆီယံဂျပန်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ဆောင်ရွက်သည့်ဘက်စုံစိုက်ပျိုးမှုစနစ် စီမံကိန်း စတုတ္ထအကြိမ် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေးကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ The Regional Project Coordinator from ASEAN Secretariat, Dr. Azmi Matakhir နှင့် The Representative of MAFF, Japan,Mr. Yutaka ISHIBAတို့က အဖွင့်အမှာစကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဘက်စုံစိုက်ပျိုးမှုစနစ် စီမံကိန်း စတုတ္ထအကြိမ် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေးကို ဆက်လက်ကျင်းပသည်။ အဆိုပါဘက်စုံစိုက်ပျိုးမှု စနစ်စီမံကိန်းလုပ်ငန်းများကို အာဆီယံအဖွဲ့နိုင်ငံများ၌ ၂၀၀၀ ပြည့်နှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံမှလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်

အဆိုပါ ဘက်စုံစိုက်ပျိုး မှုစနစ်စီမံကိန်းကို ရှမ်းပြည်နယ် အင်းလေးကန်ဒေသနှင့် ဧရာဝတီတိုင်း ညောင်တုန်းဒေသတို့၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံသုံးရုံ တစ်ပြိုင်တည်းတင်

ရန်ကုန် ဩဂုတ် ၂၆

ယခုသောကြာပတ်တွင် ဝတ္ထု ဇာတ်ညွှန်း ငြိမ်းမင်း၊ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူးသော **အပြောင်းအလဲ** ရုပ်ရှင်ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တစ်ပြိုင်တည်း တင်ဆက်ပြသသည်။

အပြောင်းအလဲမှာ ဖခင်နှင့်သား၊ မတော်တဆချော်လဲရာမှ စိတ်အပြောင်းအလဲဖြစ်ရပုံကို စိတ်ဝင်စားဖွယ် ဇာတ်လမ်းဆင်ထားသည်။ သရုပ်ဆောင်များအဖြစ် လွင်မိုး၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ ဦးအောင်လွင်တို့ ပါဝင်ထားကြသည်။

အပြောင်းအလဲဇာတ်ကားမှ လွင်မိုး၊ စိုးမြတ်သူဇာ။

ဆက်လက်၍ ကျော်ရဲအောင်၊ ဒွေး၊ ရာဇာနေဝင်း၊ သျှားညို၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေတို့ သရုပ်ဆောင် ပါဝင်သော **ပြုံးနေရင်သတိထား** ဟာသဇာတ်ကား ရွှေ့ဆောင်၊ နေပြည်တော်ရုံနှင့် နဝဒေးရုံများတွင် ပြသနေသည်။

ပြုံးနေရင်သတိထား

"ပြုံးနေရင် သတိထား" ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ရွှေဂုန်ရုံတွင် The Long Kiss Good Night အမည်ရှိ နိုင်ငံခြားဇာတ်ကားရုံတင်ပြသသည်။ အတိတ်ဘဝမေ့ ဒုစရိုက်သမားတစ်ဦး ဒုစရိုက်ဘဝကို စွန့်ခွာကာ လူဆိုးတို့ကို တုံ့ပြန်တိုက်ခိုက်ပုံ ကြမ်းကြမ်း ရမ်းရမ်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

မြို့မရုံတွင် Hogi Pyaar Ki Jeet အမည်ရှိ အိန္ဒိယ အချစ်နှင့်အက်ရှင်ဇာတ်ကား ရုံတင်ပြသလာသည်။ အကောက်ကြံသူနှင့် အမှန်တရားတန်ဖိုးထားသူတို့အကြား ချစ်သူနှစ်ဦး၏ အောင်ပွဲကို ဖော်ထုတ်ပြသထားသည်။

Hogi Pyaar Ki Jeet ဇာတ်ကားမှ သရုပ်ဆောင်ကွက်။

ဆုထူးပန်

ဆုထူးပန်ရုံ၌ ဆင်လိမ္မာ၊ မျောက်လိမ္မာတို့ အထူးပါဝင် သရုပ်ဆောင်ထားသော Annai kali Kaambal အမည်ရှိ အိန္ဒိယဇာတ်ကားသစ် ရုံတင်ပြနေသည်။

ဘုရင့်ရုံကြီးတွင် Janasheen အိန္ဒိယဇာတ်ကားသစ် ဆက်လက်ပြသနေသည်။ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအချစ်ဇာတ်ကြမ်း ကားအဖြစ် ရှုစားကြရမည်ဖြစ်သည်။

မေတ္တာဘွဲ့

မြေနီကုန်း ရတနာပုံရုံတွင် Duplicate အိန္ဒိယ မေတ္တာဘွဲ့ ဇာတ်ကား ရုံတင်သည်။ မင်းသား ရှရွတ်ခန် နှစ်ကိုယ်ခွဲ ပါဝင်၍ မင်းသမီး ဂျူဟီချောင်ဝါလာနှင့် ဆိုနာလီတို့တွဲဖက် သရုပ်ဆောင်ထားကြသည်။

(ကြေးမုံ)

နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားစစ်သံမှူးများ၏ဇနီးများအဖွဲ့ ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ အနုပညာကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်မှုများ ကြည့်ရှုအားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြန်မာနိုင်ငံရှိ စစ်သံမှူးများ၏ ဇနီးများ အမျိုးသားဇာတ်ရုံတွင်ကျင်းပသည့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများ၏ ဂီတ၊ သဘင် စင်တင်တင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ် (အပေါ်ပုံ)**နှင့် တင်ဆက်ဖျော်ဖြေမှုအပြီးတွင် အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။** (အောက်ပုံ) (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၏ဇနီး ဒေါ်ခင်အေးကြင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက ပါကစ္စတန်နိုင်ငံသံရုံးမှ စစ်သံမှူး၏ ဇနီး Mrs. Sadaf Ihsanနှင့် စစ်သံမှူးများ၏ ဇနီးများပါဝင်သောအဖွဲ့သည် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်အနုပညာကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးရန် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံသို့ရောက်ရှိကြရာ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူလေးများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား အမျိုးသားဇာတ်ရုံဧည့်ခန်းမ၌ ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဦးတင်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ယဉ်ကျေးမှုတက္ကသိုလ်၏ ရည်မှန်းချက်နှင့် လုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဒုတိယပါမောက္ခချုပ် ဒေါ်ခင်လှဌေးက သင်ကြားပို့ချမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဒေါ်ခင်သန်းနွဲ့တို့အား ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ အမှတ်တရ ပန်းချီကားများကို ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ပေးအပ်ကြသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များသည် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူကလေးများ၏ ပန်းချီ၊ ပန်းပုလက်ရာမွန်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး ဂီတ၊ သဘင် စင်တင် တင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

တင်ဆက်ဖျော်ဖြေမှုအပြီးတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့သည် တင်ဆက် ဖျော်ဖြေကြသည့် ကျောင်းသူကလေးများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ညနေ ၃နာရီတွင် ပြန်လည် ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

UNICEF / UNDP ဌာနေကိုယ်စားလှယ်များ စစ်သားစုဆောင်းမှုအခြေအနေများ လေ့လာ

ရန်ကုန် ဩဂုတ် ၂၆

UNICEF မှ ဌာနေကိုယ်စားလှယ် Mrs. Carroll C. Long၊ ဒုတိယ ဌာနေကိုယ်စားလှယ် Mrs. Elke Wisch နှင့် UNDP မှ ဌာနေကိုယ်စားလှယ် Mr. Charles Petrie တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွှန့်ဆွေ၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးကိုကိုရှိန်တို့ လိုက်ပါ၍ ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင်မန္တလေးတပ်နယ်ရှိတပ်မတော် စစ်သားစုဆောင်းရေးတပ်သို့ သွားရောက်၍ စစ်သားစုဆောင်းရေးဆိုင်ရာများကို ကြည့်ရှုလေ့လာကြသည်။

ယင်းအဖွဲ့အား တပ်မတော်စစ်သားစုဆောင်းရေးတပ်၌ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီးအောင်စံတင်နှင့်အဖွဲ့က လက်ခံတွေ့ဆုံ၍ တပ်မတော်တွင်ကျင့်သုံးနေသော တပ်သားသစ် စုဆောင်းရေးဆိုင်ရာမူဝါဒ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် တပ်မတော်အနေဖြင့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တပ်သားသစ်များကို စနစ်တကျစုဆောင်းလျက်ရှိကြောင်း၊ အသက်ကန့်သတ်ချက်အနေဖြင့် ၁၈နှစ်မှ ၂၅နှစ်အထိ ပြဋ္ဌာန်းထားရှိကြောင်း၊ ပြဋ္ဌာန်းချက်နှင့် မကိုက်ညီသူများ၊ အသက်ငယ်ရွယ်လွန်းသူများနှင့် စစ်မှုထမ်းဆောင်ရန် ဆန္ဒမရှိသူများကို လုံးဝစုဆောင်းခြင်း မပြုရေး အမြဲကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး နံရံကပ်ကြော်ငြာ၊ လက်ကမ်းစာစောင်များ၊ တပ်ဝင်စာချုပ်စာတမ်းများကို ရှင်းလင်းပြသခြင်း၊ တပ်သားသစ်များလက်ခံခြင်း၊ အနားယူအပန်းဖြေခြင်း၊ စားသောက်နေထိုင်ခြင်းများကိုမှတ်တမ်းတင် Video ဖြင့် ပြသရှင်းလင်းသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် စုစည်းထားရှိသည့် တပ်သားသစ် ၁၆၄ဦးတို့အား တွေ့ဆုံ၍ ကြည့်ရှုလေ့လာမေးမြန်းခဲ့ကြပြီး တပ်မတော်စစ်သားစုဆောင်းရေးတပ်မှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန် နိုင်ငံတော်မူဝါဒ ဟောပြောပို့ချ

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းသား ၈၁ ဦးတို့အား နိုင်ငံတော်မူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် လက်တွေ့အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေပုံနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ဟောပြောပို့ချသည်။ (သတင်းစဉ်)

တွေ့ဆုံမေးမြန်း

UNICEF နှင့် UNDP ဌာနေကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ မန္တလေးတပ်နယ်ရှိ တပ်မတော်စစ်သားစုဆောင်းရေးတပ်တွင် တပ်သားသစ်များကို တွေ့ဆုံမေးမြန်းစဉ်။

(သတင်းစဉ်)

မီးသတ်ညွှန်ချုပ် ဝန်ထမ်းအိမ်ရာစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဌာနချုပ်မှ အရာရှိကြီးများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း၌ တည်ဆောက်လျက်ရှိသော ငါးထပ်တိုက် ဝန်ထမ်းအိမ်ရာ တည်ဆောက် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးသတ်မှတ်ချိန် ပြီးစီးရေး၊ စံချိန်စံညွှန်း ပြည့်မီစွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် စမ်းချောင်းမြို့နယ် မီးသတ်စခန်းသို့သွားရောက်၍ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်ထိန်းသိမ်းမှု၊ စက်သုံးဆီသုံးစွဲမှု၊ ဝန်ထမ်းနေအိမ်ခန်းများ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၄ခုနှစ် ဩဂုတ် ၂၉ရက်မှ စက်တင်ဘာ ၃ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ ၃၁ပေခန့်မှ ၂၁ဒသမ၁၀ပေခန့်အထိ ထူးကဲ ဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်းနေထိုင်ကြသောပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးထားသည်။ (သတင်းစဉ်)

ဆရာဋ္ဌေး အင်္ဂလိပ်စာသင်တန်း

City & Guilds (UK, London) Engineering & IT Diploma
* Civil Engineering * Electronics Engineering
* Mechanical Engineering * Electrical Power Engineering
* Mechatronics Engineering * Information Technology

(B.A)(CT.Med)Ygn

လေးပါးရာဇာ
သွေးတိုးကျဆေးပြား

ပုညခင်
ချစ်သူသာသနာပြုတစ်ယောက်မှ ပြစ်မှုတွင်
ထွက်ပြီ

ဆေးပင်
အကြောအားတိုးဆေး

Exciting Sales & Amazing Deals!

SONY 2003 Models Display & Brandnew Product

up to 50% off

GREAT BARGAINS! GREAT BUYS!

more than 100 - items

HURRY!

Now on 27 August 2004

Don't Miss it!

While Stock Last

Sony Showroom :173/175, Pansodan Street, Kyauktada Township, Yangon.
Tel: (01) 250596, 250597

ဘောလခဲခရိုင်ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေး

ဘောလခဲ ဩဂုတ် ၂၁

ကယားပြည်နယ်၊ ဘောလခဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ကံထွန်းသည် မြို့နယ်ဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ၊ ဆည်မြောင်းဦးစီးအရာရှိ၊ မြေစာရင်းဦးစီးမှူး၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ၊ ခရိုင်အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများ လိုက်ပါလျက် ဇူလိုင် ၂၇ ရက်တွင် မိုင်းထမ်းစံပြကျေးရွာသို့ရောက်ရှိပြီး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနေအိမ်၌ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့၊ မိုင်းထမ်းကျေးရွာပြည်သူတို့နှင့် တွေ့ဆုံ၍ ရွှေရင်အေးစပါး မျိုးနည်းစနစ်မှန် ပျိုးထောင်စိုက်ပျိုးရေး၊ မြေရိုင်းများ တိုးချဲ့ခုတ်ထွင်စိုက်ပျိုးရေး၊ မိုင်းထမ်း ရေစုကန်သတ်မှတ်ချိန်အမီပြီးစီးရေး၊ သဘာဝ ရေထွက်များမှ စိုက်ပျိုးရေးတွင် အကျိုးရှိစွာ အသုံးပြုရေး၊ စံပြကျေးရွာ အင်္ဂါရပ်နှင့်အညီ ကျေးရွာတွင်းလမ်းများ သန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများ တူးဖော်ရေးတို့ကို ဆောင်ရွက်ထားရှိရန် ရှင်းလင်းမှာကြားပြီး ကျေးရွာ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ခရိုင်အမျိုးသမီးရေးရာ အဖွဲ့နှင့်အတူ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရန်နိုင်နှင့် ကျန်းမာရေး ဝန်ထမ်းများကလည်း ကျေးရွာကျန်းမာရေးဌာနခွဲ ဆေးခန်း၌ လူနာများအား ကျန်းမာရေးစစ်ဆေးမှုနှင့် ဆေးဝါးများ ကုသပေးပြီး တစ်ကိုယ်ရေ သန့်ရှင်းရေး၊ သန့်လေးသန့်ကို အသိပညာပေး ဟောပြောကြောင်း သိရသည်။ **(ခရိုင်/ပြန်ဆက်)**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင် ညောင်တုန်းမြို့ အမှတ် (၉)ရပ်ကွက် ဟိုင်းကြီးလမ်း၊ ပေါက်အင်း ဘုန်းတော်ကြီးကျောင်းလမ်းကျောက်များ စုဆောင်းထားမှုနှင့် မြေသားလမ်း ပြုပြင်ထားမှု အခြေအနေများကို ဩဂုတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်ပြန်/ဆက်)

စုပေါင်းဆောင်ရွက်

တောင်ကုတ်မြို့၊ ကျောက်တိုင်ကွင်း မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် အဖွဲ့ဝန်ထမ်းများ ဩဂုတ် ၂၀ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

နေပြည်တော် ဩဂုတ် ၂၂

ဧရာဝတီတိုင်း နေပြည်တော်မြို့ တောကြီးအဖွဲ့ခွဲ (၂၁၆) တွင် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာလ ၇ ရက်ထိ၊ ညောင်တုန်းမြို့တွင် စက်တင်ဘာ ၁ ရက်မှ ၈ ရက်ထိ၊ လက်ပံတန်းမြို့၊ ကွမ်းခြံ၊ အတုလ အောင်နိမိတ်စေတီ ကျောင်းတိုက်တွင် စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်ထိ၊ ဓနိကုန်းမြို့ လယ်မဘုန်းတော်ကြီးကျောင်းတိုက်တွင် စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်၊ ညောင်တုန်းမြို့ မယ်ဇလီ သာသနာ့ ရက္ခိတကျောင်းတိုက်တွင် အောက်တိုဘာ ၃ ရက်မှ ၉ ရက်ထိ၊ ဓနိကုန်းမြို့ သင်ကန်ဘုန်းတော်ကြီးကျောင်းတိုက်တွင် အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်ထိ၊ ကွင်းသာဘုန်းတော်ကြီးကျောင်းတိုက်တွင် ၂၅ ရက်မှ ၃၁ ရက်ထိ၊ အုန်းနဲကန် ဘုန်းတော်ကြီးကျောင်းတိုက်တွင် နိုဝင်ဘာ ၆ ရက်မှ ၉ ရက်ထိ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဓမ္မ ကထိက ဆရာကြီး ဦးထွန်းမြတ်က သစ္စာလေးပါး တရားများ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပင်လောင်းမြို့နယ် တင်းထက်ကျေးရွာ စာကြည့်တိုက်ဖွင့်

ပင်လောင်း ဩဂုတ် ၁၈

ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု တင်းထက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက် နံနက် ၁၀ နာရီက တင်းထက် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ခိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းတို့က အမှာစကား ပြောကြားသည်။ ယင်းနောက် စာကြည့်တိုက်အဆောက်အအုံအား မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှူး ဦးထွန်းလင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ခိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးသန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

စာကြည့်တိုက်သို့ အလှူရှင် အသီးသီးက စာအုပ်၊ စာစောင်နှင့် အလှူငွေများ လှူဒါန်းကြသည်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှု

လှိုင်ကော် ဩဂုတ် ၂၀

လှိုင်ကော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်သည်မြို့နယ်ဥက္ကဋ္ဌဦးဝင်း၊ ခရိုင်/မြို့နယ်မှ အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၁၄ ရက်က လှိုင်ကော်မြို့နယ်အတွင်းရှိ ဒေါပေါ်ကလဲ၊ ကွင်းရွာအုပ်စုနှင့် နီးကိုးဂျာရွာများသို့ သွားရောက်၍ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဆွေးနွေးဟောပြောကြသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌသည် ရွှေရင်အေးစပါး ပျိုးထောင်မှုကိုကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။ **(ခရိုင်ပြန်/ဆက်)**



မြောင်းမြ အကျဉ်းဦးစီးဌာန၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာသင် စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဩဂုတ် ၁ ရက်က ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ် ၁၁၃၀၀၀ ကို အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ငွေကမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်စိုးစိုးသို့ ပေးအပ်စဉ်။ (ခရိုင်/ပြန်ဆက်)



ဝန်ထမ်းအလိုရှိသည်

ဟုန်ပန်းအထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ အုပ်ချုပ်ရေး	ကျား/မ	(၂)ဦး
၂။ စာရင်းကိုင်	ကျား/မ	(၄)ဦး
၃။ အရောင်းကြီးကြပ်	ကျား	(၄)ဦး
၄။ အရောင်းကိုယ်စားလှယ်	ကျား/မ	(၂၀)ဦး
၅။ ယာဉ်မောင်း	ကျား	(၇)ဦး

အမှတ်စဉ်(၁)အတွက် ဘွဲ့ရရှိသူ၊ ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်ပြီး အုပ်ချုပ်ရေး လုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

အမှတ်စဉ်(၂)အတွက် LCCI Level (III) (သို့) (B.Com)ဘွဲ့ရ

အမှတ်စဉ်(၂)နှင့် (၃)အတွက် ကွန်ပျူတာကျွမ်းကျင်ရမည်။

အမှတ်စဉ်(၃)အတွက် အင်္ဂလိပ်စာ ရေးတတ်၊ ဖတ်တတ်၊ ဈေးကွက် အတွေ့အကြုံ(၃)နှစ်။

အမှတ်စဉ်(၄)အတွက် (၁၀)တန်းအောင် (သို့) ဘွဲ့ရရှိသူဖြစ်ရမည်။

အမှတ်စဉ်(၅)အတွက် ယာဉ်မောင်းလိုင်စင် (အနီ/အနက်)ဖြစ်ရမည်။

